


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# အပေါင်းအသင်းမလွဲပါစေနဲ့
# ဉာဏ်ချိန်ခွင် ရှိထားကြပါ

(၂၂၈)

ဟောကြားသည့်နေ့
၂၆-၃-၅၉

0170

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# အပေါင်းအသင်းမလွဲပါစေနဲ့ ဉာဏ်ချိန်ခွင့်ရှိထားကြပါ

THITSARPARAMI LIBRARY
Date ..................
ဟောကြားသည့်နေ့
(၂၆-၃-၅၉)

စာမူခွင့်ပြုချက်အမှတ် - ၁၇၂/၂၀၀၃ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၅၀/၂၀၀၃ (၃)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၃ ခုနှစ်၊ မတ်လ
တန်ဖိုး - (      )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

## အပေါင်းအသင်းမလွှဲပါစေနဲ့ ဉာဏ်ချိန်ခွင်ရှိထားကြပါ။

ဟောကြားသည့်နေ့ (၂၆-၃-၅၉)

မိစ္ဆာဒိဋ္ဌိဝိမံသာယက မဆုံးသေးဘူး၊ မိစ္ဆာဒိဋ္ဌိဝိမံသာယ ဆိုတာက စုံစမ်းတဲ့ ဉာဏ်လိုလိုနဲ့ မိစ္ဆာဒိဋ္ဌိ ဝင်လာတယ်။

အဲဒီတော့ ဒီမိစ္ဆာဒိဋ္ဌိ ဖြစ်ခြင်း၏ အကြောင်းဟာ- ဒုမ္မိတ္တော၊ ဒုမ္မိတ္တော-ဆိုတဲ့ ဥစ္စာက ဒု-ကမကောင်းတာ၊ မိတ္တက- အဆွေခင်ပွန်း၊ အဆွေခင်ပွန်းမကောင်းတာနဲ့လဲ မိစ္ဆာဒိဋ္ဌိဘက် သွားတတ်သည်လို့ မောင်ထွန်းလှိုင် မှတ်ထား . . . . (မှန်ပါ့ ဘုရား)။

## အပေါင်းအသင်းလွဲလို့ မိစ္ဆာဒိဋ္ဌိဖြစ်

အဆွေခင်ပွန်း မကောင်းလို့ရှိရင်လဲ မိစ္ဆာဒိဋ္ဌိဘက်သွားတယ်၊ အပေါင်းအသင်းလွဲလို့လဲ မိစ္ဆာဒိဋ္ဌိဘက်သွားသည်လို့ မှတ်ရမယ်။

ဪ. . . ဒါဖြင့်မိတ်ဆွေသင်္ဂဟပေါင်းတယ်ဆိုတော့လဲ မပေါင်းတတ်လို့ရှိရင် မိစ္ဆာဒိဋ္ဌိဘက်ကို သူပြောတာနဲ့၊ သူ့အယူဝါဒ၊ သူ့အလေ့အကျင့် ဒီလိုလိုက်ပြီးသကာလ သွားတတ်သည်။

ဒါဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းထဲမှာ ပါပမိတ္တနဲ့ပေါင်းလို့လည်း မိစ္ဆာဒိဋ္ဌိ ဖြစ်တာရှိတယ်။

ဒါဖြင့် အပေါင်းအသင်းမှားရင်လည်း အမတို့ မိစ္ဆာဒိဋ္ဌိဖြစ်တတ်တယ်လို့ မှတ်ရမှာပဲ. . . (မှန်ပါ့ဘုရား)။ အပေါင်းအသင်းမှားရင်လည်း ဘာဖြစ်တတ်သတုံး . . . (မိစ္ဆာဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

ဟို နာရဒဇာတ်ထောက်ကြည့်လိုက်တော့လည်း ဂုဏကဿပနဲ့ ရှင်ဘုရင်နဲ့ ပေါင်းတာနဲ့ပဲ မိစ္ဆာဒိဋ္ဌိ တစ်တိုင်းပြည်လုံးဖြစ်သွားတယ်။

## သေခါနီးအောကောင်းဖို့သာလိုတယ်တဲ့

ရှင်ဘုရင်နဲ့တကွ တစ်တိုင်းပြည်လုံး ဂုဏကဿပဆိုတဲ့ ပုဂ္ဂိုလ်က တွင်းကြီးထဲမှာ အဝတ်မဝတ်ပဲနေတယ်၊ နေတဲ့အခါ

ကျလို့ရှိရင်ဖြင့် သူက တရားဟောတယ်။ ယခုအခါ ဘာလုပ်နေနေ သေခါနီး ဇောကောင်းရင် ပြီးတာပဲ။

သေခါနီးမှပြင်ပြီးယူရင်ရတာပဲ၊ ယခုပျော်ချင်သလိုပျော်၊ ပါးချင်သလိုပါး၊ နေချင်သလိုနေ၊ သေခါနီးဇောကောင်းလို့ရှိရင်ဖြင့် ဘာမှကိစ္စမရှိဘူး၊ အပြစ်မရှိဘူး၊ ယခုလုပ်ထားတဲ့အပြစ်တွေလည်း သေခါနီးဇောက အကုန်ဖျက်ပစ်လိုက်တာပဲ။

## တစ်တိုင်းပြည်လုံးဒီအယူကိုယူကြတယ်

ဒီလိုတရားဟောတာနဲ့ ရှင်ဘုရင်နဲ့တကွ တိုင်းပြည်တစ်ပြည်လုံးဟာက ငါးပါးအာရုဏ်ကာမဂုဏ်တွေ၊ သူ့သား၊ သူ့မယား အလုံးစုံ သတ်ဖြတ်၊ ပြစ်မှားကြ၊ ရှင်ဘုရင် အပေါင်းအသင်းလွဲတာနဲ့ပဲ တစ်တိုင်းတစ်ပြည်လုံးဖြစ်သွားတယ်။

အဲဒီမှာ ရှင်အာနန္ဒာအလောင်းက တိုင်းပြည်တော့ပျက်ပြီ၊ သူတော်ကောင်းတွေ မရှိတော့ဘူး၊ ရှင်ဘုရင်နှင့်တကွ မိစ္ဆာဒိဋ္ဌိဖြစ်သွားကုန်ပြီ။

ပါဏာတိပါတာလည်း အပြစ်မရှိ၊ ငါးပါးသီလလွန်ကြူးလည်းအပြစ်မရှိ၊ ရှစ်ပါးသီလလွန်ကြူးလည်း အပြစ်မရှိဘူး။

## သေခါနီးမှပြင်ရင်ရတယ်တဲ့

နေချင်သလိုနေ၊ သွားချင်သလိုသွား၊ စားချင်သလိုစား၊

သေခါနီးပြင်နိုင်ရင်ပြီးတာပဲ၊ သေခါနီးဇောကောင်းဖို့ပဲသူ အရေးကြီးတယ်ဆိုတော့ အာစိဏ္ဏကံတွေ အကုန်ပျက်ပြီး သကာလ အာသန္နကံတစ်ခုသာ နားလည်တဲ့၊ ကံတစ်ခုသာ နားလည်တဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ သူနဲ့ပေါင်းတဲ့ ပုဂ္ဂိုလ်တွေက လည်း ဒါသဘောကျတယ်၊ ယခုအခါ ပျော်ပျော်နေရပြီးတာပဲ၊ သေခါနီးပြင်ယူရင်ရတာပဲ။

## ရှင်အာနန္ဒာအလောင်း

အဲဒီကဲ့သို့ ယူလိုက်တဲ့အတွက် တိုင်းပြည်နဲ့တကွ မိစ္ဆာဒိဋ္ဌိဖြစ်ကုန်လို့ ရှင်အာနန္ဒာက၊ ရှင်အာနန္ဒာက အဲဒီအခါမှာ ရာဇာမင်းသမီးဖြစ်တယ်။

ယောကျ်ားဘဝက သူ့ရဲ့ကာမေသုမိစ္ဆာစာရကံကြောင့် မိန်းမဖြစ်နေတဲ့ဘဝ၊ ထိုက်တန်တဲ့ ပညာလေးကလည်းပါတာနဲ့ သာသနာစောင့်နတ်တွေ၊ သူတော်ကောင်း နတ်ကောင်းတွေ ဓိဋ္ဌာန်တာပေ့ါကွာ။

## နာရဒဗြဟ္မာကြီး

ဒီတိုင်းပြည်ဖြင့်ကယ်ပါဦး၊ တိုင်းပြည်အလုံး ဒီဂုဏက သဿပနဲ့ပေါင်းပြီးသကာလ အယုံးစုံအကုန် ရှင်ဘုရင်နဲ့တကွ ဝန်ကြီးတွေကော၊ တိုင်းသူပြည်သားတွေကော မိစ္ဆာဒိဋ္ဌိဖြစ်ကုန်ပြီ

ဆိုပြီးသကာလ သူတိုင်တည်တာနဲ့ ဘုရားလောင်းနာရဒဗြဟ္မာကြီးဆင်းလာပြီးသကာလ တရားဓမ္မတွေဟောယူတော့မှ သမ္မာဒိဋ္ဌိပြန်ဖြစ်သွားတယ်လို့ ဆိုတဲ့ဥစ္စာ နဂိုကအပေါင်းအသင်းလွဲလို့ဆိုတာ မောင်ထွန်းလှိုင်မသေချာဘူးလား . . . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းအကြောင်းမှာ ဒီဝတ္ထုကို ထောက်သဖြင့်လည်း ဦးနန္ဒအပေါင်းအသင်းလွဲတာလည်း ဆိုးတဲ့ဘက်ကို သက်ဝင်တာပဲ ဆိုလို့ရှိရင်ဖြင့် အမှန်ဆုံးဖြတ်ချက်ချရမယ် . . . (မှန်ပါ့ဘုရား)။ သဘောကျပလား. . . (ကျပါပြီဘုရား)။

## မိဘစကားလမ်းဆုံးတယ်

ကဲ. . . သူ့အမေမိဘက၊ တချို့အမေမိဘက ဘာမှ အပြစ်မရှိဘူး ဆိုတာနဲ့လည်း သားတွေ၊ သမီးတွေဟာ အမေ့မိဘစကား လမ်းဆုံးပြီးသကာလ အပြစ်မရှိဘူးလို့၊ အကုသိုလ်အလုပ်တွေ အပြစ်မရှိဘူးလို့ ယူတဲ့သူတွေလည်းရှိတာပဲ။

ဒီအမေကမွေးလို့ရှိရင် လည်လှီးသားမှစား၊ ဒါမှသာလျှင် နေရာကျတယ်ဆိုပြီးသကာလ သူတို့ဘဝကူးပြောက်ပေးရတာပဲ ဒါအပြစ်မရှိပါဘူးဆိုတော့ အမေမိဘအပေါင်းအသင်း၊ ဆရာသမား အပေါင်းအသင်း၊ ဒီလိုအပေါင်းအသင်းလွဲလို့လည်း အပြစ်ရှိတာကို အပြစ်မရှိဘူးယူတဲ့ အယူဟာလည်း ဒါ အပေါင်းအသင်းက လာတာပဲလို့ မှတ်ရမယ် . . . . (မှန်ပါ့ဘုရား)။

## တို့မိဘယူတဲ့အယူဟာမှန်တယ်

ဒါဖြင့်အပေါင်းအသင်းလွဲလို့လည်း ဘာဖြစ်နိုင်သတုံး . . . (မိစ္ဆာဒိဋ္ဌိဖြစ်နိုင်ပါတယ်ဘုရား)။ မိစ္ဆာဒိဋ္ဌိဖြစ်နိုင်တယ်ဆိုတာကတော့ ခု အနောက်နိုင်ငံမှာ အမေမိဘတွေနဲ့ပေါင်းသင်းပြီး အမေမိဘနယ်ထဲမှာ မွေးဖွားပြီးသကာလ လာရတဲ့အတွက် သူ့အယူကို တို့အမေမိဘယူတဲ့အယူဟာ မှန်တယ်ဆိုပြီး အမေမိဘနဲ့ပေါင်းသင်း၊ မိတ်ဆွေသင်္ဂဟတွေနဲ့ ပေါင်းသင်းပြီး ဦးနှံ့ရေ သူတို့လည်း မိစ္ဆာဒိဋ္ဌိအဖြစ်မှလည်း ကျော်လွန်ပြီး သမ္မာဒိဋ္ဌိဖက်ကို မသွားနိုင်တာလည်း တစ်ပုံကြီးရှိမှာပဲ . . . (ရှိပါတယ်ဘုရား)။

ဒါတွေ ထောက်ကြည့်လို့ရှိရင်ဖြင့် အသေအချာ စဉ်းစားကြည့်လို့ရှိရင် အပေါင်းအသင်းကြောင့်ဖြစ်ရတယ် ကိုယ်ကဘာမှ မသိဘူးနော်. . . (မှန်ပါ)။

## အပေါင်းအသင်းကြောင့်မိစ္ဆာဒိဋ္ဌိဖြစ်

အပေါင်းအသင်းကြောင့်လည်း မောင်အုန်းခိုင် ဘာဖြစ်တတ်သတုံးကွ. . . (မိစ္ဆာဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။ မိစ္ဆာဒိဋ္ဌိဖြစ်တယ်ဆိုတော့ ခုနက ဝတ္ထုထောက်ကြည့်တော့ အပေါင်းအသင်းပဲဆိုတာ မသေချာဘူးလား. . . . (သေချာပါတယ်ဘုရား)။

ကောင်းပြီ. . ကလေးငယ်ငယ်တည်းကသာ မိမိတို့ အစ်မတို့ ဒီအမေမိဘတွေနဲ့ပေါင်းကြည့်၊ ကိုယ့်သူငယ်ချင်း မိတ်ဆွေတွေနဲ့ ပေါင်းကြည့်၊ ဒီလိုနဲ့ပျက်စီးသွားတာတွေဟာ ဒါအပေါင်းအ သင်းလွဲလို့ဆိုရင်လည်း လူ့လောကမှာလည်း အထင်အရှားပဲ၊ မထင်ရှားဘူးလား. . . (ထင်ရှားပါတယ် ဘုရား)။

အဲဒါကြောင့် ကလေးတွေ မိုက်တဲ့ပုဂ္ဂိုလ်နဲ့ မပေါင်းစေနဲ့ နို့မဟုတ်ရင် ကိုယ့်သားသမီးတွေပါ တစ်ခါတည်း အမိုက်ထဲ ပါသွားလိမ့်မယ်ဆိုပြီး အမေမိဘတွေ ထိန်းကြ၊ ကျောင်းကြရ တာတွေ မောင်အုန်းခိုင် ရှိတယ်မဟုတ်လား. . . (ရှိပါ တယ်ဘုရား)။

အဲဒါအပေါင်းအသင်းကြောင့် ဘယ်ဘက်သွားမှာ စိုးလို့ တုံး. . . (မိစ္ဆာဒိဋ္ဌိဘက်သွားမှာစိုးလို့ပါဘုရား)။

ဒါဖြင့် မိမိတို့ အပေါင်းအသင်းဟာ မိစ္ဆာဒိဋ္ဌိဘက်ကို အနီးဆုံးကျေးဇူးပြုတယ်ဆိုလို့ရှိရင်လည်း အမှန်ပဲလို့ ဖြေကြရ မှာပဲ. . . (မှန်ပါ့ဘုရား)၊ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါ တယ်ဘုရား)။

ဒါဖြင့် ဘုရားဟောတော်မူတာ အပေါင်းအသင်းလွဲလို့ လည်း မိစ္ဆာဒိဋ္ဌိဘက်ကိုသွားသည်လို့ဆိုတဲ့ဥစ္စာ မှန်ပါပေတယ် လို့ပဲ ယုံကြည်ရမှာပဲ. . (မှန်ပါ့ဘုရား)။

အသက်အရွယ်ကြီးတာတွေတောင်မှ အပေါင်းအသင်း မှားပြီးသကာလ မိစ္ဆာဒိဋ္ဌိဘက်ကို သွားပြီး မတော်မလျော်တာတွေ အပြစ်မရှိဘူး၊ အပြစ်ရှိတာတွေကို အပြစ်မရှိဘူးထင်ပြီး သကာလ ဦးနဲ့ လုပ်တာတွေကော မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

## ယခုအပေါင်းအသင်းလွဲလို့

ဒါတွေဟာဘာနဲ့ဖြစ်သွားတာတုံး၊ သူ့မွေးကတည်းက ပါလာတာတွေလားတဲ့၊ မဟုတ်ဘူးတဲ့ ယခုပစ္စုပ္ပန်မှာ အပေါင်းအသင်းလွဲလို့ ဖြစ်တာတွေ၊ မိမိတို့ဆိုနိုင်ပြီလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဥပမာ-တချို့ဘာသာခြားနဲ့ အိမ်ထောင်ကျသွားလို့ မိန်းမပါ ဘာသာခြားဘက်ပါပြီး အယူတွေများ စူးသွားတာကော မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

တချို့ ခင်ပွန်းနဲ့အပေါင်းအသင်းလွဲတာနဲ့ပဲ ကိုယ်ပါ တစ်ခါတည်း မိစ္ဆာဒိဋ္ဌိဘက်သွား၊ ဒါအပေါင်းအသင်းသက်သက်ပဲ ဦးနဲ့ရ ဒီပြင့်ဟာဘာမှမပါဘူး. . (မှန်ပါ့)။

တခြားဘာသာယူတဲ့ပုဂ္ဂိုလ်နဲ့ အိမ်ထောင်ကျတဲ့ ဒကာမတွေ တချို့ပါသွားတာတွေ မောင်ကို မရှိဘူးလား. . (ရှိပါတယ်ဘုရား)။ ဘာကြောင့်လို့ဆိုမတုံး. . . (အပေါင်းအသင်းလွဲလို့ မိစ္ဆာဒိဋ္ဌိဖြစ်သွားတာပါဘုရား)။

အပေါင်းအသင်းလွဲလို့ မိစ္ဆာဒိဋ္ဌိဖြစ်သွားတာတွေဆိုလို့ ရှိရင်လည်း ဒါအမှန်ပဲလို့ ဆုံးဖြတ်ချက်ချရမှာပဲ။

ဒါဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းအကြောင်းမှာ အပေါင်းအသင်းလည်း တစ်ပါးအပါအဝင်လို့ ဘုရားဟော တော်မူတာဟာ အစ်မ မမှန်ဘူးလား. . . (မှန်ပါ့ဘုရား)။

## အပေါင်းအသင်းအရေးကြီးတယ်

ဒါဖြင့် အပေါင်းအသင်းဟာလည်း အင်မတန် အရေးကြီးတယ်ဆိုတဲ့ဥစ္စာ၊ ဘယ့်နှယ်ကြောင့် အရေးကြီးပါလိမ့် မတုံးဆိုလို့ရှိရင် ဖြင့် မိစ္ဆာဒိဋ္ဌိဆိုတာက သံသရာမှာ အနစ်နာဆုံး၊ အပါယ်လေးပါး က မထွက်နိုင်ဆုံး တရားတစ်ခု။

အဲဒါသူ့ပင်ကိုက ပါလာတာမဟုတ်ပါဘူး၊ အပေါင်းအသင်းကြောင့် ဖြစ်လာတာဆိုတော့ အနစ်နာဆုံး အလုပ်တစ်ခုကို အပေါင်းအသင်းကြောင့် ဖြစ်သွားရတယ်ဆိုရင် မောင်အုန်းခိုင် မနာဘူးလား. . . (နာပါတယ်ဘုရား)။

သို့သော် များသောအားဖြင့် မောင်ထွန်းလှိုင် သူ့ကြောင့် သွားတာတွေလည်းသိပ်များတာပဲ၊ သူမိစ္ဆာဒိဋ္ဌိအယူရှိသူတွေနဲ့ အိမ်ထောင်ကျ၊ ယောကျ်ားက အိမ်ထောင်ကျရင် ယောကျ်ားက ပါသွားတာရှိတယ်၊ မိန်းမက အိမ်ထောင်ကျလို့ မိန်းမပါသွားတာ ရှိတယ်။

## ကံမကောင်းလို့မဆိုနဲ့

ဒါ ကံလို့ ဦးနဲ့ကမဆိုနဲ့တဲ့၊ ကံမကောင်းလို့ သူတို့ဖြစ်သွားရှာတယ်လို့ ဗုဒ္ဓဘာသာ တချို့က ထင်ကြတယ်တဲ့၊ မဟုတ်ပါဘူးတဲ့ အပေါင်းအသင်းကြောင့်ဖြစ်သွားတာ။

ကံကတော့ ဒါမဆိုင်ပါဘူးတဲ့၊ ကံကမွေးကတည်းက မိစ္ဆာဒိဋ္ဌိထဲမှာ မွေးပြီးသကာလ လာလို့ရှိရင် ကံပေါ့ကွာ၊ သို့မဟုတ်ဘူး၊ ကြီးမှပဲ အပေါင်းအသင်းလွဲတာနဲ့ ဖြစ်သွားတာကျတော့ မောင်ထွန်းလှိုင်ကံလို့ဆိုမလား. . . (မဆိုနိုင်ပါဘူးဘုရား)။

အဲဒီတော့ ကံမကောင်းလို့ မိစ္ဆာဒိဋ္ဌိထဲရောက်သွားရှာတယ်လို့ ဒီလိုမယူနဲ့နော်၊ သူ့အပေါင်းအသင်း၊ သေသေချာချာ အပေါင်းအသင်းနဲ့ ဆက်ဆံနှီးနှောလွဲလို့သာလျှင် ဖြစ်ရတာလို့ မှတ်ရမှာပဲ။

ဒါဖြင့် မိစ္ဆာဒိဋ္ဌိဆိုတာ မောင်အုန်းခိုင် ဘယ်ကလာတာတုံး. . . (အပေါင်းအသင်းမှားတာကလာတာပါဘုရား)၊ အပေါင်းအသင်းမှားတာကလာတာလို့ ဦးနဲ့ကြီးမှတ်ရမှာပဲ. . . (မှန်ပါ့ဘုရား)။

ခု-လောကမှာ ဒါတွေသိပ်များတယ်. . (များပါတယ်ဘုရား)၊ အဲဒီတော့ သူ့ဘဝလေးဟာ တစ်ခါတည်း အရှုံးကြီးမကရှုံးမသွားဘူးလား. . . (ရှုံးသွားပါတယ်ဘုရား)။

## တံငါနားနီးတံငါ

ဒါ အပေါင်းအသင်း လက်သည်ပဲလို့ ဦးဘအုန်းဆိုထိုက်ပြီလား. . . (ဆိုထိုက်ပါတယ်ဘုရား)၊ ဥပမာ. . . စဉ်းစားကြည့်ပါတဲ့ တရားသမားနဲ့နေရင် တရားသမား၊ မုဆိုးနဲ့နီးရင်မုဆိုး။ တံငါနဲ့နီးရင် တံငါ၊ တံငါဖြစ်သွားရတယ်ဆိုတာ အမတို့ ဒါဘယ်သူ့ကြောင့်တုံး. . . (အပေါင်းအသင်းကြောင့်ဖြစ်ရတာပါဘုရား)။

အပေါင်းအသင်းကြောင့် ပါဏာတိပါတာ အဒိန္နာဒါနာ အပြစ်မရှိဘူး ဦးနဲ့ ဒီလိုမယူလိုက်ပေဘူးလား. . . (ယူပါတယ်ဘုရား)၊ ထိုကဲ့သို့ ယူလိုက်တဲ့အခါကျတော့၊ ဒါသူ့ပဋိသန္ဓေ၊ ကံကပါလာတာလား၊ ယခုမှ ဖောက်ပြန်သွားတာလား၊ မေးကြည့်စမ်းပါ. . . (ယခုမှဖောက်ပြန်သွားတာပါဘုရား)။

ယခုမှ ဖောက်ပြန်သွားတာကို မေးကြည့်လို့ရှိရင်ဖြင့် ယခုမှ ဖောက်ပြန်သွားတယ်ဆိုတဲ့ အဖြေကထွက်လာတယ်။

အဲဒီအဖြေက ထွက်ပြီးသကာလ လာလို့ရှိရင်ဖြင့် အပေါင်းအသင်း သက်သက်ကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်ရတာပဲ ဆိုတဲ့ ဥစ္စာ ထင်ရှားလာပါတယ်။

ကောင်းပြီ ဒါဖြင့် အပေါင်အသင်းကြောင့် မိစ္ဆာဒိဋ္ဌိ ဖြစ်တယ်ဆိုတာ သာမညဉာဏ်နဲ့တော့ မောင်ထွန်းလှိုင်ရေ ဒီထဲက ကျော်လွှားသွားနိုင်လိမ့်မယ်လို့ မအောက်မေ့နဲ့. . . (မှန်ပါ)။

ကိုယ့်ဉာဏ်ကမပါတော့ကို အပေါင်းအသင်းမှာ ဉာဏ် ဆုံးမသွားဘူးလား. . (ဆုံးသွားပါတယ်ဘုရား)၊ ဆုံးသွားတဲ့အခါ ကျလို့ရှိရင်ဖြင့် ပြင်လို့ဆင်လို့ရဖို့ရာ မောင်ကို မလွယ်ပါဘူး. . . (မလွယ်ပါဘူးဘုရား)။

ဒါဖြင့် အပေါင်းအသင်း၏ စွမ်းရည်သတ္တိလည်း ဦးနဲ့ မသေးဘူးပေါ့ဗျာ. . . (မသေးပါဘူးဘုရား)။ အကုန်ကူးစက် လာတာပဲ။

## ဥသျှစ်ပင်နဲ့ခွေးတောက်မြစ်

လောကီ ဥပမာ ပြောကြပါစို့ ဆိုလို့ရှိရင်ဖြင့် ဥသျှစ်ပင် ဟာ ပင်ကိုယ်ကအချိုပဲ၊ ပင်ကိုယ်က ဥသျှစ်ပင် အချိုထား အဲဒီ နေရာသာ တမာတို့ ခွေးတောက်တို့ အမြစ်ခြင်းသာ ကပ်ပြီး သကာလ တွဲယှက်ပြီးသကာလ မောင်ထွန်းလှိုင်စိုက် ဒီဥသျှစ်သီး ဟာ သီးလာလို့ရှိရင် ခါးလာတာ. . . . (မှန်ပါ့)။

ဒါ ဥသျှစ်ပင် ပင်ကိုယ်မျိုးကခါးတာလား၊ ခုမှ ဒီကြိုးပေါင်း ကြောင့် ခါးရတာလားဆိုရင် ဦးနဲ့ထင်ရှားသားပဲ . . . (ကြိုးပေါင်းကြောင့်ခါးရတာပါဘုရား)၊ ကြိုးပေါင်းကြောင့် မဟုတ် ဘူးလား၊ သဘောကျတယ်မဟုတ်လား. . . (မှန်ပါ့)။

## ချိုးရာကခါးရသေးတယ်

ဒါဖြင့် အဝိညာဏက-(သက်မဲ့) သစ်ပင်တောင်မှ အပေါင်းအသင်းလွဲလို့ရှိရင် ချိုးရာက ခါးရသေးတယ်လို့ မောင်အုန်းခိုင် မမှတ်နိုင်ဘူးလား. . . (မှတ်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် သဝိညာဏက အသက်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ အမရေဖြစ်ရမှာပဲ. . (ဖြစ်ရမှာပါဘုရား)၊ မဖြစ်ရပေဘူးလား. . . (ဖြစ်ရပါတယ်ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် အယူဝါဒဆိုတဲ့ဥစ္စာတွေ အပေါင်းအသင်းကြောင့်ပဲ ပြောင်းလွဲပြီးသကာလ သွားတာတွေကို မောင်ထွန်းလှိုင်အများကြီးရှိတာပေါ့. . . (အများကြီးရှိပါတယ်ဘုရား)၊ အများကြီးရှိတယ်တဲ့။

## ကံနဲ့ဘာမှမဆိုင်

အဲဒါတွေ ကံလို့ ဆိုကြမလားလို့မေးလို့ရှိရင်ဖြင့် ကံနဲ့ ဘာမှမဆိုင်ဘူး. . . ဆိုင်သေးသလား. . . (မဆိုင်ပါဘူးဘုရား)၊ အပေါင်းအသင်းအပေါ်မှာ မှီပြီးသကာလ နေတယ်လို့ မောင်ချစ်ဆွေဆိုနိုင်ပြီလားကွ. . . (ဆိုနိုင်ပါတယ်ဘုရား)။

အင်္ဂလိပ်ကျောင်းမှာထားတဲ့ကလေးတွေဟာ တချို့လည်း ပြန်ဆွဲထုတ်လို့ရတယ်၊ တချို့လည်း ပြန်ဆွဲထုတ်လို့မရတာတွေလည်း မရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ အယူကျတော့လေ။

## ကိုယ့်ဆရာ့အယူဝါဒကြောင့်

ဒါ ဘာကြောင့်လဲဆိုလို့ရှိရင်ဖြင့် ကျောင်းသားအပေါင်းအသင်း၊ သူ့ဆရာအပေါင်းအသင်း၊ ဆရာ့အယူဝါဒတွေလိုက်ပြီး ဆရာနဲ့ပေါင်းသင်းရတာကြာတာနဲ့ပဲ ဆရာနဲ့ အနီးကပ်ဆုံးပေါင်းတာနဲ့ပဲ မိမိဘယ်ဘက်သွားသတုံး. . . (မိစ္ဆာဒိဋ္ဌိဘက်သွားပါတယ်ဘုရား)။

မိစ္ဆာဒိဋ္ဌိဘက်ပါသွားတော့ကို ဒါကံမကောင်းအကြောင်းမသင့်လို့ ဖြစ်ရလေခြင်းလို့၊ ဘေးက ဗုဒ္ဓဘာသာမြန်မာလူမျိုးက ဆိုချင်ရင်လည်း ဆိုဖြစ်လိုက်လိမ့်မယ်၊ ဆိုသာဆိုတယ် ဒီကံနဲ့ ဘာမှမဆိုင်ပါဘူးတဲ့၊ သူက သမ္မာဒိဋ္ဌိအမေနဲ့ မွေးဖွားလာသားပဲ . . (မှန်ပါ့)။

ဟိုကျမှ အကြောင်းကံကျမှ မောင်ကိုရ ဖြစ်သွားတာတွေ ကောမရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ ဒါကျတော့ မင်းဘယ်နှယ့်လဲကွ၊ သမ္မာဒိဋ္ဌိအမေမိဘထဲမှာ ကံကပစ်ချလိုက်တယ်၊ ကြီးတော့မှ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတယ် ဆိုတာကတော့ ကံနဲ့ဆိုင်သေးသလား. . . (မဆိုင်ပါဘုရား)။

ဘာနဲ့ဆိုင်သတုံး. . (အပေါင်းအသင်းနဲ့ ဆိုင်ပါတယ်ဘုရား)။ အပေါင်းအသင်းနဲ့ဆိုင်သွားတယ်ကွ. မောင်အုန်းခိုင်ရဲ့ သဘောကျပလား. . . (သဘောကျပါပြီဘုရား)။

## ကလျာဏမိတ္တာ၊ ပါပမိတ္တာ

အဲဒီတော့ကိုး အပေါင်းအသင်းဟာလည်း ကလျာဏမိတ္တာ၊ ပါပမိတ္တာလို့နှစ်မျိုးရှိသည်၊ ကလျာဏမိတ္တာနဲ့ပေါင်းပြန်တော့လည်း မိစ္ဆာဒိဋ္ဌိက သမ္မာဒိဋ္ဌိဘက် သွားတယ်၊ ဟုတ်ဖူးလား. . . (မှန်ပါ့)။

ဟာ. . . ပါပမိတ္တာနဲ့၊ မကောင်းတဲ့ ယုတ်မာတဲ့ ပုဂ္ဂိုလ်နဲ့ ပေါင်းပြန်လို့ရှိရင်လည်း သမ္မာဒိဋ္ဌိကကို ဦးငွေရေ မိစ္ဆာဒိဋ္ဌိဘက် ကူးသွားတယ်၊ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ ရှိတယ်တဲ့။

## နတ်ကဘုရားဖြစ်နေတယ်

တချို့က မွေးကတည်းက နတ်ကိုးကွယ်တာမဟုတ်ပါဘူး၊ သို့သော် အပေါင်းအသင်းနဲ့ ပတ်သက်ပြီးသကာလ မင်းစီးပွားရေးဖြောင့်တယ်၊ ဘယ်လိုညာလို အစရှိသည်နဲ့ဖြစ်သွားတာနဲ့ ရန်ကုန်ဆီကျတော့ နတ်ကိုပဲ ဘုရားဖြစ်နေတာတွေကော မရှိဘူးလား. . . (ရှိပါတ်ဘုရား)။

အဲ့ဒါတွေကျတော့ တစ်ယောက်နဲ့တစ်ယောက် တွန်းကြတာနဲ့ ဖြစ်သွားတာ. . . (မှန်ပါ)။ မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

တစ်ယောက်တစ်ယောက် တွန်းကြတာနဲ့ ဖြစ်သွားတော့ကို တစ်ယောက်တစ်ယောက်တွန်းမှု သက်သက်ဆိုလို့

ရှိရင်ဖြင့် တွန်းတာရယ်လို့မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကလည်း ပါချင်ချင် ဖြစ်ပြီးသကာလ သူနဲ့ပေါင်းနေရ တော့ကိုး တစ်ခါ တည်း သူ့ဖက်ကို ယိမ်းယိုင်ပြီးသကာလ သွားတာတွေကော မရှိဘူးလား. . (ရှိပါတယ်ဘုရား)။

ဒါတွေဟာ ကံလို့ဆိုမလား ကြီးမှ အပေါင်းအသင်း ကြောင့် ဖြစ်တာတွေလို့ ဆိုကြပါတော့၊ သဘောကျပြီလား မိမိ . . . (သဘောကျပါတယ်ဘုရား)။

## မှားတာဟူသ၍နောက်မှဖြစ်တာ

ဥပမာ- မယ်၊ နတ်တွေကိုးကွယ်၊ အမျိုးမျိုးအဖုံဖုံ ဥပမာ ဘိုးဘိုးအောင်တို့ကိုးကွယ် အစရှိသည်နဲ့ ခု-ကိုးကွယ်မှားတွေ ဟူသ၍ဟာ ဦးနှောက်ရေ နောက်မှ ဖြစ်တာချည့်ပဲ. . . (မှန်ပါ့)။

ငယ်တုန်းက ပါလာတာဟုတ်ကြရဲ့လား. . . (မဟုတ် ပါဘူးဘုရား)။ မဟုတ်ဘူးကွ၊ ကြီးမှ ပြောင်းသွားတာ၊ ကြီးမှ ပြောင်းသွားတော့ တကယ်ကိုပဲ ယုံကြည်၊ တကယ်ကိုပဲ ကိုးစား တကယ်ကိုပဲ အားထားလို့ရှိရင် မောင်အုန်းခိုင် ဘာဆိုမတုံးကွ . . . (မိစ္ဆာဒိဋ္ဌိပါဘုရား)။ မိစ္ဆာဒိဋ္ဌိ။

ပင်ကို အမေဝမ်းခေါင်းတဲက ပါလာတာလား၊ ခုမှ ဖြစ်သွား ရှာတာလားလို့သာမေး. . . (ခုမှ ဖြစ်သွားတာပါ

ဘုရား)။ သူတို့ကျတော့ ကြည့်ပါ့လား ခုမှ ဖြစ်သွားတာ. . . (မှန်ပါ)။

တခြားသောနည်းပါသေးရဲ့လား. . . (မပါပါဘူး ဘုရား)၊ မပါပါဘူးတဲ့၊ အဲဒါ ခုကြီးမှ ဖြစ်သွားတာဟု သဍ်သည် အစ်မတို့က မှတ်ရမယ်၊ အပေါင်းအသင်းပဲ. . . (မှန်ပါ့)၊ ဒီပြင့် တခြား အကြောင်းများရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

## အပေါင်းအသင်းသည်ဘယ်ဘက်ကိုသွားစေသလဲ

ဒါဖြင့် အပေါင်းအသင်းသည်ဘယ်ဘက်ကိုသွားစေသလဲ. . . (မိစ္ဆာဒိဋ္ဌိဘက်ကိုသွားစေပါတယ်ဘုရား)၊ မိစ္ဆာဒိဋ္ဌိဘက်ကို မောင်ချစ်ဆွဲသွားစေတယ်. . . (မှန်ပါ့ဘုရား)။

ဒီကျော်လွန်သွားဖို့ရာလည်း ဝင်မိလို့ရှိရင်တော်တော်ကြာပြန်ပြီးသကာလ ထွက်သွားဖို့ရာလည်း သာမညနဲ့ မထွက်နိုင်ဘူးကွ၊ ထွက်နိုင်ပါ့မလား. . . (မထွက်နိုင်ပါဘူးဘုရား)။

မထွက်နိုင်ဘူး၊ ဒါကြောင့် အပေါင်းအသင်းကိုလည်း ကြည့်ပြီးသကာလ ပေါင်းရမယ်၊ ကိုယ်က ဉာဏ်မပါလို့ရှိရင် သူများဆီမှာ လမ်းဆုံးပြီးသကာလ သူများအတုယူတဲ့ဆီ၊ မိတ်ဆွေသင်္ဂဟပြောတာဆီ၊ မိတ်ဆွေသင်္ဂဟနေပုံထိုင်ပုံ၊ မိတ်ဆွေသင်္ဂဟ ကိုးကွယ်တာကို ကိုးကွယ်ပြီးသကာလ သူလည်း

ဒါသဘောကျတယ် ဖြစ်ချင်ဖြစ်သွားမှာ၊ မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## အပေါင်းအသင်းသက်သက်ကလာတာ

ဖြစ်တော့ကို မိစ္ဆာဒိဋ္ဌိက တခြားကလာတာတော့မဟုတ်ပါဘူးလို့ ဦးနဲ့ဆိုယုံပေါ့ဗျာ. . . (မှန်ပါ့)၊ အပေါင်းအသင်း သက်သက်ကလာတာပဲ. . (မှန်ပါ့)၊ သဘောကျပလား. . . (မှန်ပါဘုရား)။

မိစ္ဆာဒိဋ္ဌိ ဘယ်ကလာတာတုံး. . . (အပေါင်းအသင်း သက်သက်ကလာတာပါဘုရား)၊ အပေါင်းအသင်းသက်သက်က လာသည်။

ဒီပြင့်ဟာမကြည့်ပါနဲ့ ဆဲတတ်တဲ့ကလေးနဲ့ယှဉ်ထားပါ၊ ဒီကလေးလေးကို၊ ကြာရင် ဒီကလေးလေးပါ ဆဲလာတာပဲ. . . (မှန်ပါ)၊ ဟုတ်ဖူးလား. . . (မှန်ပါ)။

ဒီကလေးလေးဟာ နဂိုက အယဉ်ပဲ အင်း. . . တော်တော်ကြာ ကျလို့ရှိရင်ဖြင့် ရိုင်းစိုင်းတဲ့အသံတွေ ဗလံတွေ သုံးပြီး သကာလ လာတာ မိမိတို့မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

ဒီကောင်လေးဟာ ဘယ်သူနဲ့ ပေါင်းလို့၊ ဘယ်အသံထွက်လာတယ်ဆိုတာ အမေမိဘလုပ်သူတွေက အကုန်အကဲခတ်နိုင်ပါတယ်၊ မောင်အုန်းခိုင် မထွက်ပေဘူးလား. . . (ထွက်ပါတယ်ဘုရား)။

ထွက်တော့ သူတို့အပေါင်းအသင်းကြောင့် ထွက်တဲ့ဖြစ်ရပ်တွေလို့ ဆိုလို့ရှိရင် လွဲသလား. . . (မလွဲပါဘူးဘုရား)။

ဒါဖြင့် မောင်ထွန်းလှိုင် အပေါင်းအသင်းဟာ သိပ်အရေးကြီးတာပေါ့. . . (အရေးကြီးပါတယ်ဘုရား)၊ သူကလည်း မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း အကြောင်းပဲတဲ့ မောင်ကိုမှတ်ရမှာပဲ. . . (မှန်ပါ့)။

ဒါဖြင့် အပေါင်းအသင်းဆိုတာ ဘာတုံးလို့ မေးတဲ့အခါကျတော့ ထိုသူ၏ စိတ်ထားစိတ်နေကို သဘောကျတာ၊ မဟုတ်ဖူးလား. . . . (မှန်ပါ့)၊ တစ်ယောက်သော ပုဂ္ဂိုလ်၏ စိတ်ထား၊ စိတ်နေကို သဘောကျတာ. . . (မှန်ပါ့)။

အဲဒီ သူ့စိတ်ထား၊ စိတ်နေသဘောကျပြီဆိုမှဖြင့်တဲ့ သူ့စိတ်ထားစိတ်နေကြောင့် သူလုပ်တဲ့ အလုပ်ဟူသ၍ အမှန်ထားပြီးသကာလ ဒီလိုယူလိုက်ပြန်လို့ရှိရင် တစ်ခါတည်း အနောက်နိုင်ငံ ချမ်းသာတဲ့ ပုဂ္ဂိုလ်တွေ ထာဝရဘုရားက မသလိုလို၊ အင်း. . . သူ့ ထာဝရဘုရားမလို့ ချမ်းသာတာ၊ သူနဲ့လည်း ငါနဲ့ အတူတူနေကြထိုင်ကြတာပဲ၊ ငါ့လည်းမအောင်လုပ်ဦးမှပဲ ဆိုလို့ရှိရင်ဖြင့် သူနဲ့ပတ်သက်ပြီးသကာလ ဖြစ်လာတာလို့ မောင်အုန်းခိုင် ဆိုရမှာပဲ. . . သဘောကျပလား. . . (မှန်ပါ့)။

ဒါဖြင့် အပေါင်းအသင်းသည်ကားလို့ဆိုလို့ရှိရင် မိစ္ဆာဒိဋ္ဌိဘက်ကို မုချပြေစေနိုင်တဲ့ တရားထဲမှာ မောင်ကို အပါအဝင်ပေါ့ကွ. . . (မှန်ပါ့)။

## မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းရှစ်ပါး

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မိစ္ဆာဒိဋ္ဌိ ဖြစ်ခြင်း အကြောင်းရှစ်ပါးလို့ ဟောလာတာ ကဲ... မောင်ထွန်းလှိုင်တို့ ကျေနပ်ဖို့ပဲ... (ကျေနပ်ပါတယ်ဘုရား)၊ ဒါမပါရင် ဖြစ်ကို မဖြစ်နိုင်ဘူး။

မိစ္ဆာဒိဋ္ဌိလောက် အပြစ်ကြီးတာလည်း မရှိဘူးလို့ ဘုန်းကြီးတို့စကတည်းက ဟောခဲ့တယ်... (မှန်ပါ့)၊ မိစ္ဆာဒိဋ္ဌိက တကယ့်နိယတ မိစ္ဆာဒိဋ္ဌိမျိုး ဖြစ်သွားလို့ရှိရင်ဖြင့် ကမ္ဘာပျက်ကာနီးတောင်မှ၊ ကမ္ဘာပျက်ကာနီး အပါယ်ကျသွားတယ်။

## စကြာဝဠာပြောင်းပြီးငရဲခံရတယ်

ကမ္ဘာပျက်တော့ ဒီနေရာမှာ သူ့ခံစရာမရှိဘူး၊ မြေတွေကော အလုံးစုံ အောက်ပါထပြီးလောင်လို့ ဟာလာဟင်းလင်းကြီးဖြစ်တာတောင် တစ်ပါးသော စကြာဝဠာမှာ ဒီလိုငရဲသွားပြီး သကာလ ခံရသေးတယ်ဆိုတော့ ပဉ္စာနန္တရိယကံထက် မိစ္ဆာဒိဋ္ဌိကံက အပြစ်ကြီးတယ်လို့ ဘုရားက ဟောထားတယ်... (မှန်ပါ့)။

၁။ အမိသတ်တဲ့ကံ၊

၂။ အဖသတ်တဲ့ကံ၊

၃။ သံဃာသင်းခွဲတဲ့ကံ၊

၄။ ဘုရားသွေးစိမ်းတည်အောင်လုပ်တဲ့ကံ၊

၅။ ရဟန္တာသတ်တဲ့ကံ ဆိုတဲ့ ပဥ္စာနန္တရိယကံ ငါးပါး ရှိတယ်၊ ပဥ္စာနန္တရိယဆိုတာ ငါးပါးနော်. . . . (မှန်ပါ)။

## ပဥ္စာနန္တရိယကံထက်အပြစ်ကြီးတယ်

အဲဒါ ငါးပါးထက်ကြီးသေးသတဲ့၊ အပေါင်းအသင်းမှား လို့ဖြစ်ရတဲ့ မိစ္ဆာဒိဋ္ဌိက. . . (မှန်ပါဘုရား) သဘောကျကြပြီလား . . . (ကျပါတယ်ဘုရား)

တချို့ သေခါနီးများတပြီး ထာဝရဘုရား ကယ်ပါ၊ ဘယ်နတ်ကယ်ပါ၊ ဘယ်ဟာကယ်ပါနဲ့တောင်မှ တစ်ခါတည်း အယူစွန့်သေရဲ့လား၊ ဒီအယူအတိုင်းပဲ သွားတော့လားလို့ မေးကြည့်စမ်းပါ. . . (ဒီအယူအတိုင်းသွားပါတယ်ဘုရား)။

ဒီအယူအတိုင်း သွားတာပဲဆိုတဲ့ဥစ္စာ ဟို. . . ကိစ္စကြုံလို့ အလုံးစုံကုန်ပျက်စီးရတော့မယ်ဆိုမှ ကိုယ်ဆိုင်ရာ၊ ကိုယ်ဆိုင်ရာ အားကိုးတာ မလာဘူးလား. . . (လာပါတယ်ဘုရား)။

## ကိုယ်ဆိုင်ရာအားကိုးကြတယ်

အဲဒါ ကိုယ်ဆိုင်ရာ၊ ဆိုင်ရာ ကိုယ်အားကိုးကြတယ်၊ တချို့က နတ်ကိုအားကိုး၊ တချို့က ဉပမာမယ်၊ မျောက်အားကိုး တဲ့ပုဂ္ဂိုလ်ကမျောက်၊ ရာမလက္ခဏာတို့အားကိုး၊ တချို့ကလည်း ဗိဿနိုးတို့ ဘာတို့အားကိုး။

အမျိုးမျိုးအဖုံဖုံ ကိုယ်ဆိုင်ရာ၊ ကိုယ်ဆိုင်ရာအားကိုးတာတွေသည် နဂိုကအပေါင်းအသင်းလွဲပြီး ဒါတွေအားကိုးထားတာဖြစ်လေတော့ တစ်ခါတည်း သဘော်တို့ဘာတို့ပျက်တော့မယ်၊ လေကြမ်းတို့ ဘာတို့တိုက်တော့မယ်၊ အားလုံးပဲသေကြပျက်စီးတဲ့ကိစ္စတွေ ကြုံတော့မယ်ဆိုမှ သူတို့မိစ္ဆာဒိဋ္ဌိအကြောင်းဟာ ကိုယ့်မိစ္ဆာဒိဋ္ဌိအကြောင်းကိုယ်ပေါ်လာတယ်၊ မပေါ်ဘူးလား. . . . (ပေါ်လာပါတယ်ဘုရား)။

## အမှန်နဲ့အမှားဘယ်ဟာကများသတုံး

ဦးနွဲ့အားကိုးရာ မရှာဘူးလား. . . (ရှာပါတယ်ဘုရား)။ ရှာလိုက်တဲ့အခါကျတော့ မှန်တဲ့ပုဂ္ဂိုလ်နဲ့ မှားတဲ့ပုဂ္ဂိုလ်နဲ့ ဘယ်ဟာကများသတုံး. . . (မှားတဲ့ပုဂ္ဂိုလ်ကများပါတယ်ဘုရား)။

မှားတဲ့ပုဂ္ဂိုလ်တွေကများတော့ ဒါ ပင်ကိုယ်ကလာတာလား၊ နီးရာပါသွားတဲ့ပုဂ္ဂိုလ်တွေလားဆိုပါ. . . . (နီးရာပါသွားတဲ့ပုဂ္ဂိုလ်တွေပါဘုရား)။

နီးရာပါသွားတဲ့ပုဂ္ဂိုလ်တွေဆိုလို့ရှိရင်ဖြင့် မောင်အုန်းခိုင်ရေ ဒါ အပေါင်းအသင်းကလာတာ. . . (မှန်ပါ့)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အပေါင်းအသင်းက လာတဲ့အခါကျလို့ရှိရင်ဖြင့် အပေါင်းအသင်းသည် မိစ္ဆာဒိဋ္ဌိကို မုချအားဖြင့် ကျေးဇူးပြုနိုင်တယ်ဆိုတဲ့ဥစ္စာ မိမိသေချာမှတ်ရမယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် အပေါင်းအသင်းရွေးနိုင်တဲ့ ဉာဏ်ကလည်း မောင်ထွန်းလှိုင်ရ ကိုယ်တိုင်ကိုက ခုလို ဝေဖန်ထားမှကွ. . . (မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိရင် ကိုယ်ကလည်း မဝေဖန်တတ်ဘူး ဆိုလို့ရှိရင်ဖြင့် အပေါင်းအသင်းပေါ်မှာ လမ်းဆုံးရင်ဆုံးသွားမှာ . . . (မှန်ပါ)၊ မဆုံးပေဘူးလား. . . (ဆုံးပါတယ်ဘုရား)။

## ဉာဏ်ချိန်ခွင်ရှိမှဝေဖန်နိုင်တယ်

သို့သော် ဝေဖန်နိုင်တဲ့ ပုဂ္ဂိုလ်ကလည်း ကိုယ်ကဉာဏ် ချိန်ခွင်ရှိပြီးသကာလနေမှ ဝေဖန်နိုင်တယ်. . . (မှန်ပါ့)၊ ဉာဏ် ချိန်ခွင်မရှိရင် သူများအပေါင်းအသင်းပေါ်မှာ လမ်းဆုံးသွားတာပဲ . . . (မှန်ပါ)။ မောင်ချစ်ဆွေ သဘောကျပလား. . . (သဘောကျပါပြီဘုရား)။

အဲဒီတော့ကို မင်းတို့မှာ သံသယဝိစိကိစ္ဆာကင်းလောက် အောင် ကိုယ့်အယူဝါဒကို ကိုယ်စစ်ဆေးထားဖို့ရာ သိပ်အရေး ကြီးပါတယ်. . . (မှန်ပါ့ဘုရား)။

## ကိုယ့်အယူကိုယ်စစ်ဆေးထား

သံသယ ဝိစိကိစ္ဆာကင်းလာအောင် အသန်း မင်း ကိုယ့် အယူကိုယ်စစ်ဆေးထားကွ. . . (မှန်ပါ)၊ ဒါမှမင်းအပေါင်း အသင်းကြောင့် မပျက်မှာ. . . (မှန်ပါ)။

နို့မဟုတ်ရင် အပေါင်းအသင်း လာတယ်ဆိုလို့ ရှိရင်ဖြင့် သူပြောတာ၊ သူနဲ့ပေါင်းရတာ သူ့အယူဝါဒ ဟုတ်တယ်လို့ ဆုံးဖြတ်ချက် ချရင်လည်း ဦးနှဲ့ချပစ်လိုက်မယ်. . . (မှန်ပါ)၊ မချပေဘူးလား. . . (ချပါတယ်ဘုရား)။

အဲဒီတော့ကိုးချမယ့်ပုဂ္ဂိုလ်နဲ့ မချမယ့်ပုဂ္ဂိုလ်နဲ့ ကမ္ဘာကြီးမှာ သန်းပေါင်းလေးငါးထောင်ရှိနေတဲ့ဥစ္စာ အကဲခတ်ကြည့်ပါ၊ အပေါင်းအသင်းကြောင့် အပေါင်းအသင်းဘက်ကိုလိုက်မယ့် ပုဂ္ဂိုလ်ကမများပေဘူးလား. . . (များပါတယ်ဘုရား)။

## ဒီအပေါင်းအသင်းတွေကြောင့်

ကဲ. . . အာရှတိုက်၊ အာဖရိကတိုက်၊ ဥရောပတိုက်၊ အမေရိကတိုက်မှာ ရှိတဲ့အထဲမှာ များသောအားဖြင့် ကိုယ်ပါလာတဲ့စိတ်ကြောင့် ဖြစ်ကြရတာမဟုတ်ဘူး။

ကိုယ့်အမေမိဘ၊
ကိုယ့်ဆွေမျိုး၊
ကိုယ့်ဆရာသမား၊
ကိုယ့်မိတ်ဆွေသင်္ဂဟ။

ဒီအပေါင်းအသင်းကြောင့် ဖြစ်သွားတဲ့ ဒိဋ္ဌိကများလိမ့်မယ်. . . (မှန်ပါ့ဘုရား)၊ မဟုတ်ဘူးလား။

ကိုယ်ပါလာတဲ့ ကံကြောင့်ဖြစ်တဲ့ ဒိဋ္ဌိရှိရဲ့လား. . (မရှိပါဘုရား)၊ မရှိဘူး၊ အပေါင်းအသင်းကြောင့်ပဲ. . . (မှန်ပါ့ဘုရား)။

တချို့ကျတော့လည်း စာအုပ်နဲ့ပေါင်းတာနဲ့ စာအုပ်နောက်လိုက်တယ်. . . (မှန်ပါဘုရား)၊ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ စာအုပ်နဲ့ပေါင်းတာနဲ့ စာအုပ်အယူလိုက်ပြီးသကာလ သွားတာတွေလည်း မောင်ထွန်းရင်ရှိသေးသကွ. . . (ရှိသေးပါတယ်ဘုရား)။

ဒါဖြင့် အပေါင်းအသင်းဟာ သိပ်အရေးကြီးတယ်လို့ ဆိုရမှာပဲ. . . (မှန်ပါဘုရား)။

## ကြက်တူရွေးနှစ်ကောင်

ဒါနဲ့အရင်တစ်ပတ်က ပြောခဲ့တယ်၊ ကျေးသားလေးနှစ်ကောင်ဟာ ခုလိုထန်းပင်ပေါ်မှာ ကြက်တူရွေးလေးနှစ်ကောင် သူ့အမေကမွေးပြီးထားတယ်၊ ဥထဲကပေါက်ပြီးနောက် လေကြမ်းတိုက်တယ်၊ လေကြမ်းတိုက်တော့ တစ်ကောင်သောကျေးက မုဆိုးဆီရောက်တယ်။

## တစ်ကောင်ကတော့

တစ်ကောင်သောကျေးက ဘိက္ခုနီ မတွေ့ဆီ ရောက်တယ်။

တစ်ကောင်သောကျေးက သူတတ်နေတာကဘာတွေ တတ်နေတုန်းဆိုလို့ရှိရင် ဧည့်လာစောင်ဝတ်၊ ကျွေးချင်မွေးချင် ဘိက္ခုနီမတွေ့ဆီရောက်တော့။

## နောက်တစ်ကောင်က

တစ်ကောင်သောကျေးကတော့ဖြင့် မုဆိုးတို့၊ ဓားပြတို့ လက်ထဲရောက်နေတော့ ခိုးဖို့၊ တိုက်ဖို့၊ ဓားယူခဲ့၊ လှံယူခဲ့၊ ဟောဒီမှာ ဘာပစ္စည်းတွေပါလာတယ်၊ လုကြပါလား၊ ယက်ကြပါလား သူကဒါပဲတတ်တယ်. . . (မှန်ပါဘုရား)။

ကျေးကလေးက နဂိုကအတူတူပဲ ထန်းပင်အပေါ်မှာ အတူတူမွေးဖွားလာကြတာပဲ၊ လေတိုက်လို့ လွင့်သွားလို့ ဟိုရောက်၊ ဒီရောက်၊ တစ်ယောက်က မုဆိုး၊ ဓားပြဆီရောက်၊ တစ်ယောက်က ဘိက္ခုနီမကျောင်း ရောက်တယ်ဆိုတော့ အခု ကံက ပါလာတယ်လို့ ဆိုမလားကွ၊ အပေါင်းအသင်းကြောင့် ဒီအသံတွေထွက်လာတာလား. . . (အပေါင်းအသင်းကြောင့် ဒီအသံတွေထွက်လာတာပါဘုရား)၊ သဘောကျပြီလား. . . (သဘောကျပါတယ်ဘုရား)။

အဲဒီမှာ ကျေးသုံးကောင်ဆိုပြီး တစ်ကောင်ကဖြင့် သူတော်ကောင်းဘက်ရောက်သွားလို့ သူတော်ကောင်းလုံးလုံး ဖြစ်သွားတာပဲ။

## အပေါင်းအသင်းနောက်လိုက်တယ်

အဲဒီတော့ကိုး ဒါတွေကို ဦးနှဲ့တို့ ထောက်ကြည့်တော့ တိရစ္ဆာန်တောင်မှ အပေါင်းအသင်းနောက် အကုန်လိုက်တာ . . . (မှန်ပါ)။

လူဆိုတော့ ဆိုစရာရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)၊ မသိတဲ့ပုဂ္ဂိုလ်တောင်မှ မသိသလို ပါသွားသေးတာပဲတဲ့၊ သိတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုယ့်အပေါင်းအသင်းကျော်လွှားပြီးသကာလ ဘယ်နည်းနဲ့မှ ပြင်မထွက်ချင်ဘူး။

တချို့များ ကျုပ်တော့ ဗုဒ္ဓဘာသာတော့ သဘောတော့ ကျပါရဲ့၊ ဆွေတွေမျိုးတွေ အပေါင်းအသင်းတွေ ငှဲနေတာနဲ့ပဲ ဗုဒ္ဓဘာသာယူဖြစ်သေးရဲ့လား. . . (မယူဖြစ်ပါဘုရား)။

ဒါအပေါင်းအသင်းပဲ. . . (မှန်ပါ)၊ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ အဲဒါတွေထောက်ကြည့်လိုက်တော့ အပေါင်း အသင်းဟာ အတော်နှိပ်စက်တယ်၊ မောင်ကိုဆိုထိုက်ပြီလား . . . (ဆိုထိုက်ပါပြီဘုရား)။

မောင်ချစ်ဆွေကော. . . (ဆိုထိုက်ပါတယ်ဘုရား)၊ အလွန်နှိပ်စက်တယ်တဲ့၊ ဒါက သိမထားလို့ရှိရင် နှိပ်စက်တဲ့အထဲ လဲသူမပါပါဘူး. . . (မပါပါဘုရား)၊ နှိပ်စက်မှန်းမသိဘူး၊ သူကောင်းတယ်ပဲ ယူလိုက်တာပဲ။

## ကြားဖူးနာဖူးရှိမှရွေးနိုင်တာ

သို့သော် အပေါင်းအသင်းကြောင့်လည်း မိစ္ဆာဒိဋ္ဌိ ဖြစ်နိုင်တယ်ဆိုတာလေးကို ကိုယ်ကနာဖူး၊ ကြားဖူးရှိနေမှ ဦးနှဲ့ရ ဒါရွေးနိုင်တာပဲ. . . (မှန်ပါဘုရား)။

ဒီလိုမှ နာဖူးကြားဖူးမရှိတဲ့ ပုဂ္ဂိုလ်က နီးရာပါမှာပဲ၊ ဘယ့်နှယ်ဆိုကြမယ်. . . (နီးရာပါမှာပါဘုရား)၊ နီးရာပါမှာပဲလို့ ဆိုတဲ့ဥစ္စာ သေချာနေတယ်၊ မောင်အုန်းခိုင်. . . (သေချာပါတယ်ဘုရား)။

သေချာတော့ ဘယ်နှယ့်လုပ်မတုံးလို့ မေးတော့၊ ဒီလိုတရားမျိုး မိမိမနာဖူးတဲ့ပုဂ္ဂိုလ်၊ သူ့အပေါင်းအသင်းကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်နိုင်တယ်ဆိုတာ၊ ဘုရားဟောတာကို မကြားဖူး၊ မတွေ့ဖူး၊ အကြုံဖူး၊ ဒီလိုမတွေ့ဖူး၊ မကြုံဖူးတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်သူရွေးလိမ့်မတုံးလို့ ရှိရင်ဖြင့် သူ့မှာရွေးစရာမရှိဘူး၊ ကိုးစားရာ ဆရာရှာတော့မယ်. . . (မှန်ပါ)။

ဆရာရှာလို့ရှိရင် ဆရာမိစ္ဆာဒိဋ္ဌိနဲ့ပေါင်းမိလို့ရှိရင်လည်း မိစ္ဆာဒိဋ္ဌိဘက် ကိုယ်သွားမယ်. . . (မှန်ပါ)။

လူတစ်ဦးတစ်ယောက်မှာ မရှာတဲ့သူမရှိဘူး၊ ရှာကြဦးမှာပဲ၊ ရှာတဲ့အချိန်မှာ အပေါင်းအသင်းမှားလို့ရှိရင်ဖြင့် မှားတဲ့ဒိဋ္ဌိဘက်ကို ပြေးဝင်သွားမှာပဲဆိုတာ အသေအချာမှတ်ရမယ်၊ သဘောကျပြီလား. . . (မှန်ပါ့ဘုရား)။

## အယူဝါဒကိစ္စ

အံမလေးကြောက်စရာကြီးပါလားဗျ၊ နေရတာကလည်း အပေါင်းအသင်းတွေက အမျိုးမျိုးရှုပ်ထွေးနေရတဲ့အခါထဲမှာ ဖြစ်ပြီး သကာလ သွားတော့၊ ခု တချို့နတ်ကိုးကွယ်တာ၊ နဂိုတုန်းက မိစ္ဆာဒိဋ္ဌိ၊ တစ်ခါ အခြားအယူဝါဒတွေ အပေါင်းအသင်းနဲ့ တစ်ခါ စာအုပ်တွေနဲ့ ဝါဒဖြန့်ပြီးသကာလ ပေါင်းသင်ပြီးသကာလ ဟိုကအယူတွေကူးစက်ပြီးသကာလ ဟိုဘက်က ပုဂ္ဂိုလ်တွေနဲ့ ပေါင်းတာနဲ့ပဲဟာ တစ်တိုင်းပြည်လုံး ဘာဖြစ်သွားသတုံး၊ ဘာသာမရှိဖြစ်သွားတယ်။

မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ဒါဘာတုံးဗျ . . . (အပေါင်းအသင်းကြောင့်ပါဘုရား)၊ ဦးနဲ့ အပေါင်းအသင်းပဲ၊ သဘောကျပြီလား. . . ။

သူတို့က ထာဝရပြုတ်ထွက်သွားတယ်၊ ထာဝရမရှိဘူး၊ နဂိုကနတ်တွေကော. . . (မရှိတော့ပါဘုရား)၊ မရှိတော့ဘူး၊ ရှိတဲ့သူလည်း ရှိဦးမှာပေါ့လေ၊ သို့သော် မရှိတာကများသွားတယ်၊ ဒါ အင်မတန် အရေးကြီးတာကွ၊ သဘောပါပြီလား၊ မိမိ ရ. . . (ပါပါပြီဘုရား)။

## အိမ်ထောင်ကျရေးကိစ္စ

အဲဒီတော့ကို အပေါင်းအသင်းဆိုတာက အိမ်ထောင်ကျရေး၊ ဒါလည်းအပေါင်းအသင်းပဲ. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

အရပ်ကော. . . (အပေါင်းအသင်းပါဘုရား)၊ အရပ်လည်း အပေါင်းအသင်းပဲ၊ အင်း. . . ဒါဖြင့် ရှင်ဘုရင်၏ အယူဝါဒလိုက်တာတွေကော. . . (ရှိပါတယ်ဘုရား)၊ အုပ်ချုပ်ရေးနဲ့ပေါင်းသင်းရလို့လည်း. . . (ရှိပါတယ်ဘုရား)၊ လဲသွားတာပဲ ဒိဋ္ဌိဘက်ကို၊ ဦးနှဲ့မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

အံမလေး အပေါင်းအသင်းသာဆိုတာ နယ်ကသိပ်ကျယ်တယ်၊ မကျယ်ဘူးလား. . . (ကျယ်ပါတယ်ဘုရား)၊ နယ်ကသိပ်ကျယ်တော့ကို၊ သူ့နယ်ထဲကနေပြီး တစ်ဦးတစ်ယောက်ထွက်ပြီး သကာလ ထိုးထိုးထွင်းထွင်းလေးဖြစ်ဖို့ မောင်အုန်းခိုင် မလွယ်ဘူးကွ. . . (မလွယ်ပါဘူးဘုရား)။

ဒါဖြင့် မင်းတို့သည် ငါပြောသလိုပဲ နောင်တဖန်လူဖြစ်ရမှာတော့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ သိပ်ကြောက်စရာပဲ . . . (ကြောက်စရာကောင်းပါတယ်ဘုရား)။

ကိုယ့်အရင်းလေးပြုတ်သွားမှာ မောင်ချစ်ဆွေ . . . (ပြုတ်မှာပါဘုရား)၊ ပြုတ်စရာမများဘူးလား. . . (များပါတယ်ဘုရား)၊ ခု ရထားတဲ့အရင်းလေးဟာလေ. . . (မှန်ပါဘုရား)။

## ဝိပဿနာကမှအဟုတ်နိုင်တာ

ခုတော့ ဘုန်းကြီးတို့ ဝိပဿနာတရားဟောနေတယ်ဆိုတာကတော့ ဘာဖြစ်လို့ ဒီလောက်ဟောနေရသတုံးဆိုလို့ရှိရင် ဝိပဿနာမှပဲ မိစ္ဆာဒိဋ္ဌိကို အဟုတ်နိုင်တာပဲ. . . (မှန်ပါဘုရား)။

သူကဘာပြုလို့ မိစ္ဆာဒိဋ္ဌိကို အဟုတ်နိုင်သတုံးဆိုတော့ ဘယ်သူကပြောပြော ကိုယ့်ခန္ဓာကပြောတာကို အမှန်ထားတာ . . . (မှန်ပါဘုရား)။

ကိုယ့်ခန္ဓာက ခဏခဏ ဖြစ်ပျက်နေတယ်၊ ဇာတိ၊ ဇရာ၊ ဗျာတိ၊ မရဏတွေကလည်း လာနေတယ်၊ ဒုက္ခသစ္စာချည့်ပဲ ခဏခဏ ဒုက္ခရောက်နေတာတွေ မြင်နေရတဲ့ ပုဂ္ဂိုလ်ကျတော့ မိမိတို့ အမတို့ မိစ္ဆာဒိဋ္ဌိဖြစ်စရာမရှိဘူး. . . (မရှိပါဘုရား)။

## ခန္ဓာကပြောတာကိုယုံပါ

ခန္ဓာကပြောနေတယ်. . . (မှန်ပါဘုရား)၊ အင်း. . . သူ များပြောတာတော့ ပါးစပ်ဟော့ ဟုတ်ဖူးလား. . . . (မှန်ပါ)၊ ကိုယ့်ခန္ဓာက ပြောတာထက် ဘယ်သူ့ယုံစရာရှိသေးတုံး . . . (မရှိပါဘူးဘုရား)။

ဆေးသမားက၊ ဒီက မင်း လေနာနေတယ် ဆေးသမား က မင်းလေနာမဟုတ်ပါဘူးကွ၊ မင်းဟာဆီးရောဂါပါလို့ ပြောပေမဲ့လည်း ကိုယ်တိုင်ခံရတာကို အတည်ပြုလိုက်လို့ရှိရင်ဖြင့် ဆေးသမားပေးတဲ့ဆေးပေမဲ့ မသောက်ဖြစ်တော့ဘူး. . . (မှန်ပါ ဘုရား)။

ခင်ဗျားပေးတာ အနာနဲ့ဆေးတခြားစီ ဦးနဲ့. . . (ဘုရား)၊ မဆိုပေဘူးလား. . . . (ဆိုပါတယ်ဘုရား)၊ ခေါ်သာ လာတာ၊ ခင်ဗျားဆရာမှတ်လို့ ခေါ်ပြီးလာတာ နောက်ဆုံးပိတ် တနေ့ကျရင် ခင်ဗျားပေးတဲ့ဆေးနဲ့ ကျုပ်ဖြစ်နေတဲ့ ဝေဒနာဟာ တခြားစီပဲဆိုပြီး သူ့ရှေ့မှိ့သာတော်အောင်ပြောရင် ပြောရမယ် သူ့ဆေးတော့သောက်မှာမဟုတ်ဘူး. . . (မသောက်ပါဘူးဘုရား)။

ဘာပြုလို့မသောက်သတုံးဆိုလို့ရှိရင် သူ့အတွေးနဲ့ ကိုယ့်အနာနဲ့ ကိုက်ရဲ့လား. . . (မကိုက်ပါဘူးဘုရား)။

အဲဒီတော့ ကိုယ့်အနာကိုယ်သိထားတဲ့ ပုဂ္ဂိုလ်က ဆေး ပေးလည်းမရဘူးကွ ဦးဝင်း ရပ့်မလား. . . (မရပါဘူးဘုရား)၊

ရှောင်တယ်၊ ရှားတယ်၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

အဲဒီတော့ မင်းတို့နေ့တိုင်းတရားဟောနေတာ ကိုယ့်အနာကိုယ်သိထားဖို့ရာ ဝိပဿနာလုပ်ကြ. . . (မှန်ပါဘုရား)၊ ဝိပဿနာလုပ်ကြဆိုတော့ အင်း. . . ဝေဒနာဖြင့်လည်း ဝေဒနာလာတယ်၊ စိတ်ဖြင့်လည်း စိတ်လာတယ်၊ ရုပ်ဖြင့်လည်း ရုပ်တွေက ဘယ်လိုပြောနေတယ်။

## ခန္ဓာကပြောတာသည်အမှန်

အဲဒီတော့ ခန္ဓာကပြောတာသည် အမှန်ပြောလာတာကို ဘုန်းကြီးတို့ကလည်း ဟောထားလို့ နဂိုကအမှန်လည်းသိထားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒိဋ္ဌိဘက်ဆွဲစမ်းပါတဲ့ မောင်ထွန်းလှိုင်ရပ့်မလား . . . (မရပါဘူးဘုရား)။

ဒါဖြင့် ဒိဋ္ဌိဘက်မထိန်းနိုင်တာကဖြင့် ဦးနဲ့ ဝိပဿနာနဲ့ ဉာဏ်ရောက်ထားဖို့ အရေးကြီးတယ်. . . (မှန်ပါဘုရား)၊ ဝိပဿနာနဲ့ ဉာဏ်မရောက်လို့ရှိရင် ဒိဋ္ဌိဘက် ယိမ်းသွားတာပဲ အသန်းမင်းနားလည်လား။

## ကိုယ့်ခန္ဓာအကြောင်းသိထားရမယ်

ဒါဖြင့် ဒိဋ္ဌိဘက်မယိမ်းအောင် ဘာလုပ်ထားရမတုံးဆို တော့ ကိုယ့်ခန္ဓာက အကြောင်းကို ကိုယ်ကောင်းကောင်းသိထား ရမယ်။

သူဟာ (၃၂)ကောဋ္ဌာသဖြင့် (၃၂) ကောဋ္ဌာသဟုတ် မဟုတ်ကြည့်ပါ၊ ဓာတ် (၄)ပါးဖြင့် ဓာတ် (၄)ပါး ဟုတ် မဟုတ် ကြည့်ပါ။

အနိစ္စတရားတွေဖြင့် အနိစ္စတရားတွေ ဟုတ် မဟုတ် ပေပြီးကြည့်ပါ၊ ဒုက္ခသစ္စာဖြင့် ဒုက္ခသစ္စာလို့ အသေအချာ ကြည့် ထားလို့ တစ်ခုခုကောင်းကောင်းမွန်မွန် သိထားလို့ရှိရင် ဦးနှဲ့ ဘယ်နည်းနဲ့မှ အပေါင်းအသင်းကြောင့်တော့ မှားစရာမလိုတော့ ဘူး. . . (မှန်ပါဘုရား)၊ လိုသေးသလား. . . (မလိုပါဘူးဘုရား)။

နို့မဟုတ်လို့ရှိရင်ဖြင့် အသက်ဘယ်လောက်ကြီးကြီး၊ ခန္ဓာဉာဏ်မရောက်သေးတဲ့ပုဂ္ဂိုလ်၊ ခန္ဓာအပြောကို ရှင်းအောင်၊ လင်းအောင် ဉာဏ်နဲ့ မဝေဖန်နိုင်သေးတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင်ဖြင့် မောင်အုန်းခိုင်ရေ သွားဦးမှာပဲ. . . . (သွားမှာပါဘုရား)၊ ရှင်းပြီ လား. . . (ရှင်းပါပြီဘုရား)။

ရှင်းပါပြီတဲ့၊ ဒါဖြင့် ဒိဋ္ဌိသည်ကားလို့ဆိုလို့ရှိရင်ဖြင့် အပေါင်းအသင်းအပေါ်မှာ မှီပြီးသကာလ နေတယ်ဆိုတော့

ဗုဒ္ဓဘာသာတိုင်းက အစ်မတချို့ဘယ်လမှာ ဘာလုပ်ကောင်း တယ်က ရှိနေတယ်၊ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

## မိစ္ဆာဒိဋ္ဌိဝင်လာတာ

အဲဒါ. . မိစ္ဆာဒိဋ္ဌိဝင်လာတာ. . . (မှန်ပါ)၊ ဘယ်လမှာ ဘာလုပ်ကောင်းတယ်၊ ဘယ်လမှာ ဘာမလုပ်ကောင်းဘူး၊ အင်း . . . သေတာကျတော့ ဘယ်လဘာ ဒီလိုရွေးသေးသလား. . . (မရွေးပါဘူးဘုရား)၊ မွေးတာကော. . . (မရွေးပါဘူးဘုရား)။

မွေးတာက အကြောင်းညီညွတ်တဲ့အချိန် မွေးတာပဲ၊ သေတော့ကော ဦးနဲ့. . . (အကြောင်းညီညွတ်တဲ့အချိန်ပါ ဘုရား)၊ အကြောင်းညီညွတ်တဲ့အချိန် သေလိုက်တာပဲ၊ မဆိုနိုင် ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ရက်ရွေးပြီးလုပ်တယ်

အဲ. . . ခုနက မင်္ဂလာအခန်းအနားတို့၊ အိမ်ထောင် ထူထောင်တာတို့ကျတော့ ရှုပ်ကုန်ပြီ၊ အဲဒီအခါကျတော့ ရွေးလိုက်တဲ့ ဖြစ်ခြင်း၊ ဘာဖြစ်တာတုံးကွ၊ မိစ္ဆာဒိဋ္ဌိဖြစ်တာ။

ဒီလဆိုလို့ရှိရင်ဖြင့် အိမ်ထောင်ကွဲတတ်တယ်၊ ဒီလဆို လို့ရှိရင်ဖြင့် သားသမီးမထွန်းကားဘူး၊ ဒီလဆိုရင် သားသမီး သေတတ်တယ်၊ နဂိုကံကို ပယ်ချလိုက်တယ်. . . (မှန်ပါဘုရား)၊

ပယ်မချလိုက်ဘူးလား၊ ချလိုက်သလား. . . (ပယ်ချလိုက်ပါတယ်ဘုရား)။

ခု. . ကဲ မင်းတို့ပဲစဉ်းစားကြည့်ပါ၊ ကိုယ့်သားတွေ၊ ကိုယ့်သမီးတွေ ပေးစားကြလို့ရှိရင် ဪ. . ဒီလ၊ ဒီလဟာ လကောင်း သူတို့ ဆောင်နှင်းခဲ့ရင် မြလိမ့်မယ်၊ စီးပွားဥစ္စာရတနာ တက်လိမ့်မယ်၊ ဪ. . . တော်တော်ကြာ ဘယ့်နှယ်နေကြသတုံး. . . (ကွဲပါတယ်ဘုရား)၊ ဖြစ်ချင်လို့ဖြစ်တာ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## သူများပြောလား၊ ကိုယ်တွေ့လား

သူများပြောလား၊ ကိုယ်တွေ့လားသာ အကဲခတ်ကြည့်လို့ရှိရင်. . . (ကိုယ်တွေ့ပါဘုရား)၊ ရှင်းမနေဘူးလား၊ နို့မဟုတ်ရင် သူများပါးစပ်လမ်းမဆုံးရရင် ကိစ္စကြုံလာရင် သူများပါးစပ်လမ်းမဆုံးရရင် မကျေသေးဘူး၊ မေးဦးမှထင်ပါရဲ့၊ မြန်းဦးမှထင်ပါရဲ့။

အဲဒီမေးတဲ့မြန်းတဲ့ ပုဂ္ဂိုလ်က အပေါင်းအသင်းဖြစ်မသွားဘူးလား. . . (ဖြစ်သွားပါတယ်ဘုရား)၊ သူ့အပေါင်းအသင်းမှာ လမ်းဆုံးတော့ကို တကယ်လို့ သူပြောတာဟုတ်တယ်၊ မိစ္ဆာဒိဋ္ဌိဘက်ကူးသွားတယ် . . . . (မှန်ပါတယ်ဘုရား)။

သိပ်မှန်တာပဲ၊ သူ့ကိုးကွယ်မှုပဲ ဖြစ်လာတယ်၊ မလာဘူးလား၊ လာသလား. . . (လာပါတယ်ဘုရား)၊ အဲဒါ အပေါင်းအသင်းဖြစ်သွားဖို့ရာ မောင်ကို အကြောင်းမသေချာဖူးလား. . . (သေချာပါတယ်ဘုရား)။

ကဲ. . . ခု အသေအချာကြည့်လိုက်တော့၊ ဘယ်ဟာက ဘာဟုတ်သေးသတုံးလို့ မေးလိုက်တဲ့အခါကျတော့ ဘယ်ဟာမှ ဘာမဟုတ်ဘူး၊ အသေအချာ စဉ်းစားတော့လေ. . . (မှန်ပါဘုရား)၊ မိမိတို့ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

သူတို့ပြောတဲ့အတိုင်း၊ သူတို့ဆိုတဲ့အတိုင်း၊ သူတို့ကိုးကွယ်တဲ့အတိုင်း၊ သူတို့ဆည်းကပ်တဲ့အတိုင်း အတော်ဟုတ်ပါသလားလို့ မေးတဲ့အခါကျတော့ကို ကံ၊ ကံ၏အကျိုးကို ဟုတ်တယ်လို့ ယူလိုက်ပြန်ရင် ကံ၊ ကံ၏အကျိုးကို ပယ်ချတာပဲ. . (မှန်ပါ)၊ မဟုတ်ဘူးလား။

ဦးနွဲ့ရေ. . . ဒါလေးက တော်တော်ဆိုးဝါးတယ်နော်၊ မဆိုးဝါးဘူးလား. . . (ဆိုးဝါးပါတယ်ဘုရား)၊ ဆိုးဝါးတယ်တဲ့။

## ဗေဒင်သမားနဲ့ပေါင်းရင်

အဲဒီတော့ အပေါင်းအသင်းဟာ သိပ်အရေးကြီးပါလား၊ ဗေဒင်နဲ့ပေါင်းတဲ့သူဟာ ဗေဒင်ဝါသနာပါသွားတာပဲ၊

ဘိုးဘိုးအောင်သမားနဲ့ပေါင်းခဲ့ရင်ကော. . . (ဘိုးဘိုးအောင်သမား ဖြစ်သွားပါတယ်ဘုရား)။

## ခတ်လုံးနဲ့ပေါင်းရင်ကော

ခတ်လုံးနဲ့ပေါင်းရင်ကော. . . (ခတ်လုံးသမားပါဘုရား)၊ ခတ်လုံးဘက်လှည့်သွားတာပဲ၊ ဦးနဲ့ရေ ဒီလိုမရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ ဟုတ်လည်းမဟုတ်ဘူးကွ. . . (မှန်ပါ)၊ ဟုတ်လည်းမဟုတ်ဘူးကွ ဒီဉစ္စာအကုန်လှည့်သွားတာပဲ၊ ဒါဘယ်သူ့ကြောင့်တုံးမေးကြရင် ဘယ်နှယ့်ဖြေမတုံး. . . (အပေါင်းအသင်းကြောင့်ပါဘုရား)၊ ကဲ. . . မောင်ကို ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

## ကောင်းတဲ့သူအင်မတန်ရှားတယ်

ဒါဖြင့် အပေါင်းအသင်းသည်ကားလို့ဆိုလို့ရှိရင် ဟုတ်တာ၊ မဟုတ်တာ များများပါပဲကွာ၊ အပေါင်းအသင်းကြောင့် ကလျာဏမိတ္တကြောင့် ကောင်းသွားတဲ့ သူနဲ့ပါပမိတ္တကြောင့် ဆိုးသွားတဲ့ သူနဲ့ ဦးနဲ့ ဘယ်ဟာကများသတုံး. . . (ဆိုးတဲ့သူကများပါတယ်ဘုရား)။

ကောင်းတဲ့သူကတော့ အင်မတန်ရှားပေ့ါဗျာ၊ သဘောကျပြီလား၊ မောင်အုန်းခိုင်. . . (သဘောကျပါပြီဘုရား)။

ဒီပြင့်ဟာ မကြည့်ပါနဲ့တဲ့ ကိုယ့်သားမယား၊ ကိုယ့်သားသမီးနဲ့ပဲ ကြည့်ပါဦးတဲ့၊ ကိုယ့်သားမယားက ခတ်ကြမ်းကြမ်းဆိုရင် ယောကျ်ားကလည်း ခတ်ကြမ်းကြမ်းဖြစ်လာတာပဲ။

## ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့

ဘာပြုလို့တုံး၊ တစ်ယောက်တစ်ယောက်က တစ်နေ့ကြားရဖန်များ၊ တစ်ယောက်တစ်ယောက်ကလည်း ဒီလိုပြောမှကွ ဒီလိုဆိုမှကွ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ အစရှိသည်နဲ့ ဟာ. . . ကြမ်းလိုက်တဲ့ဖြစ်ခြင်းမှာ နည်းတာတွေ မဟုတ်ဘူး၊ မလာဘူးလား. . . . (လာပါတယ်ဘုရား)။

လာတော့ ဒီဟန်တွေ မာန်တွေက ရှုပ်သွားတာပဲ၊ မရှုပ်ကြဘူးလား. . . . (ရှုပ်ပါတယ်ဘုရား)၊ တစ်ယောက် တစ်ယောက် နားမလည်လို့ရှိရင် ဟန်မာန်တွေသင်ပေးရသေးတယ်၊ မသင်ပေးရဘူးလား. . . (သင်ပေးရပါတယ်ဘုရား)။

သင်ပေးတော့ ဟန်ဆိုတာလည်း ဘာတုံးလို့ဆိုရင်ဖြင့် အသေအချာ စဉ်းစားကြည့်တော့ ဟန်လုပ်တာဆိုကတည်းက အမှန်လုပ်တာဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘူးဘုရား)။

## အမှန်လုပ်တာမဟုတ်ရင်ဒိဋ္ဌိ

အမှန်လုပ်တာမဟုတ်ရင် ဒိဋ္ဌိပဲ၊ ဟန်လုပ်တာကိုး၊

အမှန်လုပ်တာမှမဟုတ်ဘဲ၊ မာန်ဆိုတာကလည်း တကယ်မာန်ရှိလို့လားလို့ မေးတဲ့အခါကျတော့ ဟာ. . . မဟုတ်ပါဘူး၊ မာန်ဆိုတဲ့ဥစ္စာ သူ့ပစ္စည်း သူခင်တဲ့ဥစ္စာ ဒိဋ္ဌိဘက် သွားပြန်တယ်. . . (မှန်ပါဘုရား)။

ဈေးကိုင်ထား၊ မာန်ရှိမှတော်တယ်၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

မာန်ရှိမှတော်တယ်ဆိုတဲ့ဥစ္စာ သဘောကိုထောက်ကြည့်လိုက်လို့ရှိရင် ဒီမာန်ဟာ အဖိုးတန်တယ်လို့ ယူပစ်လိုက်တာ၊ မယူဘူးလား. . . (ယူပါတယ်ဘုရား)။

ဒီမာန်ကို အဖိုးတန်တယ်လို့ ယူပစ်လိုက်တော့ ဒီမာန်က မာနတရား၊ မာနတရားကြောင့် သူ့သည်ကားလို့ဆိုရင် ဟုတ်တယ်၊ စီးပွားဥစ္စာ ရတနာတွေသည်ပင်လျှင် မာန်နဲ့ရောင်းတဲ့ဥစ္စာသည် ကိုယ်လိုချင်တဲ့ဈေးထက် ပိုရတာ၊ မလာဘူးလား. . . (လာပါတယ်ဘုရား)။

## မာန်မာနကပယ်ရမည့်တရား

ဒါ - အကျိုးရှိတယ်ဆိုပြီး သကာလ မာန်ကိုပဲ အမြတ်တနိုးထားလို့ရှိရင်၊ မာန်ဆိုတာက ပယ်ရမှာကိုဗျ၊ မပယ်ရဘူးလား၊ မာန တရားကိုကွ၊ ပယ်ရမယ့်ဥစ္စာကို သူတို့က လက်သတ်မွေးထားတယ်. . . (မှန်ပါ)။

ကဲ. . . ဦးနဲ့ မာန်တရားဟာ ဘာလုပ်ရမှာတုံး. . . (ပယ်ရမှာပါဘုရား)။ ပယ်ရမယ်တဲ့၊ ဟန်ဆိုတာ ပရိယာယ်၊ သဘောကျပြီလား . . . (မှန်ပါ)။

## ပရိယာယ်၊ မာယာသည်၊ ကိုယ်အပြစ်ဖုံးတာ

ဟန်ဆိုတာက ဘာတုံး. . . (ပရိယာယ်ပါဘုရား)။ အဲ ပရိယာယ်ဆိုတာသည် ကားလို့ဆိုရင် ပရိယာယ် မာယာဆိုတာ သည် ကိုယ့်အပြစ်ဖုံးတာ၊ ဒါဖြင့် ပယ်ရမှာ မဟုတ်လား. . . (မှန်ပါ)။

မာန်ကော၊ မာနမို့. . . (ပယ်ရမှာပါဘုရား)။ သို့သော် ဟန်, ကိုယ့်ဖို့ မာန်, သူ့ဖို့ဆိုတဲ့အတိုင်းတဲ့ ဒီဥစ္စာနေရာကျတယ် လို့ ယူလိုက်လို့ရှိရင်ဖြင့် ဒီဟာ လက်သတ်မွေးထားမယ်ဆိုတဲ့ အဓိပ္ပါယ် မောင်အုန်းခိုင် မလားဘူးလား. . . (လာပါတယ် ဘုရား)။

ကြည့်ပါလား. . . ဟိုမှာ သူတို့ နေပုံထိုင်ပုံ၊ ဟန်ရော မာန်ရော ဘယ်လောက်ကောင်းသတုံး၊ ဟော. . . ဟိုသွား အတုခိုးပြီကွ၊ မခိုးပေဘူးလား. . . (ခိုးပါတယ်ဘုရား)။

ခိုးတော့ ဒီဥစ္စာ ကိုယ်ကလည်း ဟန်ပန် သူ့အတုခိုးပြီး ဟန်ပန်လုပ်ပြီးသကာလ အရောင်းအဝယ်လေး ဘာလေး၊ အနေ အထိုင်လေး ဟန်ကျလာပြီဆိုမှဖြင့် ဟန်မာန်ဟာ အဖိုးတန်တယ်

ပြောတာ. . . (မှန်ပါ)။ မလာဘူးလား. . . (လာပါတယ်ဘုရား)။ မိမိ, ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ပယ်ရမည့်တရားသိမ်းထားတယ်

အဲဒီလို ရိပ်မိတဲ့အခါကျလို့ရှိရင်ဖြင့် ဒီဟာတွေဟာ ပယ်ရမယ့်တရားတွေကိုပင်လျှင် အပေါင်းအသင်းကြောင့် ဦးနှဲ့ရေ သိမ်းဆည်းရမယ့်တရားဖြစ်သွားတယ်၊ မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

ဒါ ဘာတုံးကွ. . . (အပေါင်းအသင်းပါဘုရား)။ အပေါင်းအသင်းကြောင့် ကိုယ်အတုခိုးပြီး ဒါတွေ ရောက်လာတာ၊ သဘောကျပြီလား. . . (မှန်ပါဘုရား)။

အပေါင်းအသင်း ဒါမျိုး ဘယ်သူမှ မူတည်မရှိလို့ရှိရင် ဒီဥစ္စာ ဘယ်ကလာမတုံးကွ၊ မူတည်တစ်ယောက်မှ မရှိရင် ဦးနှဲ့ ဒါ ဘယ်ကလာမတုံး. . . (မလာပါဘူးဘုရား)။ ဒါဖြင့် အတုခိုးစရာရှိလို့ပေါ့. . . (မှန်ပါ)။

ကိုယ့်အပေါင်းအသင်း၊ အိမ်နီးချင်း၊ အတုခိုးစရာရှိတော့ကို ဒါအပေါင်းအသင်းကြောင့် မိမိ, လာတယ်ဆိုတာက မှန်မနေဘူးလား. . . (မှန်ပါတယ်ဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုတာတွေ ဘယ်ကလာတုံးဆို ဘေးကအတုခိုးစရာကလာတာ. . . (မှန်ပါဘုရား)။ ဘယ်ကလာတာတုံး. . . (အတုခိုးစရာက လာတာပါဘုရား)။

အတုခိုးစရာဆိုတာ အပေါင်းအသင်းမဟုတ်ဘူးလား . . . (မှန်ပါ)။ မောင်အုန်းခိုင် ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲဒီအတုခိုးတာနဲ့ သူ့ဘာဖြစ်သွားသတုံး. . . (မိစ္ဆာဒိဋ္ဌိဖြစ်သွားပါတယ်ဘုရား)။ ဟန်လည်း အဖိုးတန်တယ်၊ ဟန်ဆိုတာက ပရိယာယ်သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## ပရိယာယ်ဆိုတာမာယာပဲ

ပရိယာယ်ဆိုတာ မာယာပဲ၊ မာယာဆိုရင် ကိုယ့်အဖြစ်ဖုံးတာ၊ ဟန်လုပ်တာကိုးကွ၊ ကိုယ့်အပြစ်ကိုယ်ဖုံးတာ မနေဘူးလား. . . (နေပါတယ်ဘုရား)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

အဲဒီတော့ မာန်သူ့ဖို့ဆိုတော့ကို ကိုယ်ကချီပေးလိုက်တယ်။ မာန်နဲ့ပြောလိုက်လို့ရှိ သူ့ဖို့ဖြစ်သွားလိမ့်မယ်၊ ကိုယ်ကချီယူမှုပဲဆိုပြီး သကာလ ချီတာကိုပင်လျှင် အဖိုးတန်တယ်လို့ထင်ချင်ရင်လည်း ထင်ပစ်လိုက်လိမ့်မယ်။

တဏှာနဲ့ ချီနေတာ၊ တဏှာဆိုတာ ဒိဋ္ဌိနဲ့တွဲရက်ကြီး၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

အင်း - ဒါတွေဟာ အသန်း မင်းကြားတော့ ဝွကျနေတာပေါ့ကွ၊ ထို့အတူပြောရမှာလည်း ဒါပြောင်းပြီးသွားစရာလည်းနယ်လည်းမရှိတာနဲ့တော့ မောင်ကို မခက်သေးဘူးလားကွ . . . (မှန်ပါဘုရား)။

လောကကြီးကလည်း ရှောင်သွားလို့ရှိရင် လူအတဲ့ လူပေတဲ့၊ လူတေတဲ့၊ ဒီကောင်ငတ်မှာပါပဲလို့ ဝိုင်းပြီးပြောကြတဲ့ ပုဂ္ဂိုလ်တွေကလည်း များနေတာပဲ၊ ဟုတ်ဖူးလား။

စပါးပင်တွေ ပေါက်လာတဲ့အခါကျတော့ ဒီကောင်ငတ်မှာပါပဲလို့ ဆိုစရာမရှိတော့ လယ်လုပ် သူ့ဟာသူပေါက်လာတာပဲ၊ အဲဒါတွေတော့ ပြောတာမဟုတ်ဘူး၊ စပါးပေါက်ပြီးမှ စပါးအရောင်းအဝယ်ကျမှ ဒါတွေက ရှုပ်လာတာ။

အခြေက ပါလာတာကော ဟုတ်ရဲ့လား. . . (မဟုတ်ပါဘူးဘုရား)။ အခြေက ပါလာတာပြောလို့ရှိရင်လည်း ဟုတ်သားပေါ့၊ သူက အခြေက ပါလာတာမဟုတ်ဘူး၊ ခုနက ထွက်လာတဲ့စပါးအပေါ်မှာ ပရိယာယ်၊ မာယာတွေက ရှုပ်လာတာ. . . (မှန်ပါ)။ မဟုတ်ဘူးလား. . . (မှန်ပါ)။

စပါးထွက်အောင်လုပ်စမ်းပါလား၊ ဟန်တွေမာန်တွေက ရရဲ့လား. . . (မရပါဘူးဘုရား)။ နို့. . . သူ့ဟာက အခြေပါရဲ့လား. . . (မပါပါဘူးဘုရား)။

အခြေမပါဘူးတဲ့၊ ဒါက ဝိသမလောဘကြောင့် ရတဲ့ ကံပေးတဲ့အပေါ်မှာ အပိုကလိုချင်လို့ ဖြစ်လာတဲ့ ဒိဋ္ဌိ၊ ရှင်းပြီလား း . . (ရှင်းပါပြီဘုရား)။

## ဝိသမလောဘတွေကလာတယ်

ကံပေးတဲ့အပေါ်မှာ ဘာလိုချင်လာတာတုံး. . . (အပိုက လို ချင်တာပါဘုရား)။ အပိုကလိုချင်တော့ ဝိသမလောဘတွေက လာတော့ ဒိဋ္ဌိဖြစ်ရတော့မှာပေါ့။ လောဘဆိုတော့ ဒိဋ္ဌိနဲ့တွဲရက် ကိုး၊ ဒါလေးကြောင့် အပိုလေး စားရတယ်ပြောလာတာပဲ၊ နောက်ထွက်လာတာပဲ။

မထွက်လာဘူးလား. . . (ထွက်လာပါတယ်ဘုရား)။ အပိုက တယ်စားချင်တာကိုးကွ မောင်ချစ်ဆွေ . . . (စားချင် ပါတယ်ဘုရား)။ မောင်အုန်းခိုင် သဘောကျပြီလားကွ. . . (သဘောကျပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် မင်းတို့သည် ဆိုင်နီးချင်း၊ အိမ်နီးချင်း၊ ကုန်တူချင်း၊ အပေါင်းအသင်း၊ ရင်းနှီးတဲ့ပုဂ္ဂိုလ် ဒါတွေက တစ်ခါ တည်းလာပြီး သကာလ အမျိုးမျိုးအဖုံဖုံ အမူအရာ ဟန်ပန်တွေ ကို၊ သူတို့အမူအရာ ဟန်ပန်တွေကို အတုခိုးရတာနဲ့ အင်း. . . ကျုပ်ပုံကို အတုခိုးတာ မဟုတ်ဘူး၊ ဟောလာပြီ။

နေပုံ ထိုင်ပုံကိုလည်း အတုခိုးတာ မဟုတ်ဘူး၊ နင်လူဖြစ်မှာ မဟုတ်ပါဘူး၊ ကိုယ့်သားသမီးလေးတွေကျတော့ မဆုံးမဘူးလား. . . (ဆုံးမပါတယ်ဘုရား)။

ဟို. . . ကြည့်ပါ့လား. . . ပြောနေတဲ့ဥစ္စာ၊ သူဖို့သူ ဘယ်လောက်ပါအောင်ပြောနိုင်သတုံး၊ ဒါ-အတုခိုးခိုင်းတာကွ၊ သူမှန်မှန်ပြောနေတာ အတုသွားမခိုးနဲ့ နင့်ဟာ . . . ။

မှန်မှန်ပြောနေရင် အတုခိုးလို့မရဘူး၊ အံမယ်ဈေးကိုင်သေးတယ်၊ ဟုတ်ဖူးလား၊ အရိုးဖက်ကျတော့ ဘယ်သူအတုခိုးသေးသတုံးကွ. . . (မခိုးပါဘူးဘုရား)။

## ရှေ့မှာလူလုပ်ဖို့ရှိသေးတယ်

ဟိုမှာ. ... ဟန်နဲ့ပန်နဲ့ ကိုယ်ဘက်ပါအောင် ရစ်ဆွဲနေတာမျိုးကျတော့. . . ကြည့်၊ နားထောင် နင်တို့ သူတို့ပြောပုံ ဆိုပုံ အတုခိုးရတယ်၊ ရှေ့လူလုပ်ရမှာ အရှည်ကြီးရှိသေးတယ်၊ ဒိဋ္ဌိဖြစ်ရမှာ အရှည်ကြီးရှိသေးတယ် ပြောတာ၊ သဘောကျပြီလား . . . (မှန်ပါ)။

မင်းတို့ ဘာအတုခိုးခိုင်းသတုံးဆိုလို့ရှိရင် ဟုတ်တာ အတုခိုးခိုင်းလေ့ရှိသလား၊ မဟုတ်တာ အတုခိုးခိုင်းလေ့ရှိသလား လို့မေးရင် ဘယ့်နှယ်ဖြေမတုံး. . . (မဟုတ်တာအတုခိုးခိုင်းလေ့ရှိပါတယ်ဘုရား)။

ဒါတွေက များများပဲ၊ အဲဒါ လူကြီးသူမကလဲ ဒါပဲသင်ပေးရတာပဲ၊ ကိုယ့်သားသမီး လူဖြစ်စေချင်တယ်၊ သူများလိုပဲ ကားနဲ့၊ စိန်နဲ့၊ ရွှေနဲ့၊ တိုက်နဲ့၊ တာနဲ့ ဖြစ်စေချင်တယ်။

အဲဒီတော့ အပြောအဆို ညံ့နေလို့ရှိရင်၊ ဟန်ပန်တွေမရှိလို့ရှိရင် ခက်ချေရဲ့၊ မလာဘူးလား. . . (လာပါတယ် ဘုရား)။ လာတော့ လူကြီးတွေကလည်း ဒါပဲတတ်တာမဟုတ်လား. . . (မှန်ပါ)။

ဒါပဲ ဖောက်သည်ချ၊ ဒါပဲ အမွေပေး၊ မောင်ထွန်းတင် ဒီအတိုင်း မနေပေဘူးလား. . . (နေပါတယ်ဘုရား)။ အဲဒါ ကျော်သွားဖို့ကို လွယ်ပါ့မလား. . . (မလွယ်ပါဘူးဘုရား)။

အမေကလည်း ဒီဥစ္စာ သူ့ဘာသင်ပေးလိုက်လဲဆိုတော့ ဟန်ကိုလည်း သင်လွတ်လိုက်တယ်၊ မာန်ကိုလည်း သင်လွတ်လိုက်တယ်၊ ပရိယာယ်ကိုကော. . . (သင်လွတ်လိုက်ပါတယ်ဘုရား)။ မောင်အုန်းခိုင်. . . (သင်လွတ်လိုက်ပါတယ်ဘုရား)။

သင်လွတ်လိုက်တဲ့အခါကျတော့ ဖြုတ်လို့ရသေးရဲ့လား . . . (မရပါဘူးဘုရား)။ မရတော့ ဒီဥစ္စာတွေကလည်း ဒိဋ္ဌိတွေဖြစ်လာတယ်၊ မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

ဒီအယူဟုတ်လား၊ ဒီအပြောဟုတ်တယ်၊ ဒီဟန်ပန်လုပ်ရတာ ဟုတ်တယ်၊ မလာဘူးလား. . . . (လာပါတယ်ဘုရား)။

လာတော့ ဒါ အမှားအလုပ်တွေ ဖြစ်မနေဘူးလား. . . (ဖြစ်နေပါတယ်ဘုရား)။ အမှန်လုပ်ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

မရှိတော့ သူဘယ်ဖက်ပြေးသွားသတုံး. . . (မိစ္ဆာဒိဋ္ဌိဘက်ပြေးသွားပါတယ်ဘုရား)။ ဘယ်ကလာတာပါလိမ့်မတုံး . . (အိမ်နီးချင်းအပေါင်းအသင်းကလာတာ)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဘယ်ကလာတာတုံး ဦးနွဲ့ရ. . . (အိမ်နီးချင်းအပေါင်းအသင်းက လာတာပါဘုရား)။ ဦးနွဲ့တို့ကျတော့ ဘယ်လိုပုဂ္ဂိုလ်နဲ့ ပေါင်းလေ့သင်းလေ့ရှိသတုံး၊ ကိုယ့် ဆီသမားဖြင့် ဆီသမားပုံစံဟန်ပန်ကိုပဲ ပေါင်းရမှာပဲ . . . (မှန်ပါ)။

ကုန်စုံသမားက ကုန်စုံသမား ဟန်ပန်ပဲ မပေါင်းရပေဘူးလား. . . (ပေါင်းရပါတယ်ဘုရား)။ လက်ဖက်သမားကကော . . . လက်ဖက်သမားဆိုင်ရာ ပရိယာယ်ကို အကုန်ကြည့်ရမှာပဲ၊ မကြည့်ရပေဘူးလား. . . (ကြည့်ရပါတယ်ဘုရား)။

ဒါဖြင့် သူ့အပေါင်းအသင်းကြောင့် ဖြစ်တယ်ဆိုတာ ကိုယ့်ဆိုင်ရာ အပေါင်းအသင်းဟာ သေချာတယ်. . . မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

အကဲခတ်တဲ့အခါကျတော့ ကိုယ်မဆိုင်တဲ့သူကို သွားပြီးအတုခိုးကြတာ မဟုတ်ဘူး၊ ဂုဏ်ချင်းတူတဲ့အခါ အပြောအဆို၊ အနေအထိုင်၊ ပြင်ပုံပြုပုံ ဒီကျအောင် မသွားကြဘူးလား . . . (သွားပါတယ်ဘုရား)။

ဒါဖြင့် အပေါင်းအသင်းဆိုတဲ့ ဥစ္စာကလည်း ဇာတ်မတူတာနဲ့ ပေါင်းသင်းလို့ ဒီလောက်မဖြစ်ခဲ့ဘူး၊ မောင်အုန်းခိုင်ရ . . .” (မှန်ပါဘုရား)။

ဇာတ်တူချင်းပေါင်းသင်းလို့ မိစ္ဆာဒိဋ္ဌိဖြစ်တာ၊ ဇာတ်တူကလည်း တခြားမဟုတ်ပါဘူးတဲ့ မသိလို့ဖြစ်တာ၊ သိတဲ့ ဇာတ်တူဆိုရင်လည်း ကိစ္စမရှိဘူးပေါ့. . . (မှန်ပါဘုရား)။ ဦးနဲ့ ဘယ့်နှယ်နေသတုံး. . . ။

မသိတဲ့ ဇာတ်တူချင်းကျရင်တော့ အတုခိုးမိရင်တော့ မှားပြီ၊ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။ သဘောကျပြီလား. . . ။

ဒါဖြင့် ခုနက ကြက်တူရွေးတောင်မှ အမ, အပေါင်းအသင်းလွဲနေတော့ ဘယ့်နှယ်ဖြစ်သတုံး. . . (ဒိဋ္ဌိဘက်ဖြစ်နေပါတယ်ဘုရား)။

## တမာပင်နဲ့ပေါင်းတော့ ဥသျှစ်သီးခါးတယ်

ဥသျှစ်ပင်တောင် တမာပင်နဲ့ ပေါင်းတော့ ဘယ်နှယ့်နေသတုံး. . . (ခါးပါတယ်ဘုရား)။ ခါးသွားသေးတယ်ဆိုတော့ ဘယ့်နှယ်နေသတုံးကွ မောင်ချစ်ဆွေရ. . . (နီးစပ်ရာပါသွားပါတယ်ဘုရား)။ နီးစပ်ရာ အကုန်ပါသွားတာပဲ။

အဲဒီတော့ကို အဲဒီမပါအောင်ဆိုတော့ကို ခုလို ဘာကြောင့် ဘာဖြစ်တယ်ဆိုတာကို သိထားမှ. . . (မှန်ပါဘုရား)။ သိထားတော့ကို ဩော်. . . ဒီဥစ္စာပေါင်းတော့ ပေါင်းရမှာပဲ၊ ပေါင်းပင်ပေါင်းငြားသော်လည်း လူချင်းတော့ပေါင်းမယ်၊ အယူမလိုက်နိုင်ဘူး. . . (မှန်ပါဘုရား)။ ဒီလိုခွာလာတယ်ကွ။

မခွာဘူးလား. . . (ခွာပါတယ်ဘုရား)။ လူချင်းတော့ ပေါင်းတာပဲ၊ မိတ်မပျက် ဆွေမပျက်တော့ ပေါင်းမှာပဲ၊ သို့သော် အယူကျတော့. . . (ခွာမှာပါဘုရား)။

## အယူကျတော့ ခွာမယ်

အယူကျတော့ ခွာမယ်မပေါင်းဘူး၊ ဦးနဲ့ ဒီလိုမလာဘူးလား. . . (လာပါတယ်ဘုရား)။ ဒီတရားမျိုး နာထားရမှာကွ၊ ဒီတရားမျိုး နာထားလို့ရှိရင် နှစ်ခွလာသေးရဲ့လား. . . (မလာပါဘူးဘုရား)။

သူနဲ့ ပေါင်းရတာ စီးပွားရေးနေရာကျတယ်၊ သူ့လုပ်ပုံကိုင်ပုံ နေရာကျတယ်ဆိုပြီး နှစ်ခွမလာတော့ဘူး၊ တစ်ခါတည်း ခြေစုံပစ်ပြီး ဝင်ပြီး ပေါင်းတော့တဲ့ အဓိပ္ပါယ်မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့မှာ ချိန်ခွင်ကလေးတစ်ခု မရှိလို့ ရှိရင်ဖြင့် သူများထည့်ပေးတာ (၇၅) ကျပ်သားကို တစ်ပိဿာ ဖြစ်ဖြစ်သွားမယ်၊ ကိုယ့်ချိန်ခွင်နဲ့ ကိုယ်ရှိမှတော်တယ်. . . (မှန်ပါဘုရား)။

## နေ့တိုင်းချိန်ခွင်ပေးနေတာ

ဒါ ခုနေ့တိုင်း ပေးနေတာ ဘာပေးတယ်ဆိုတာကိုကော ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။ ချိန်ခွင်ပေးနေတာ၊ သူများက ဘယ်လောက်ထည့်ထည့် ကိုယ်ရိပ်မိရမယ်။

တစ်ပိဿာနဲ့ နှစ်ဆယ့်ငါးကျပ်သား သူများက သာသာ ထိုးထိုးပေးပေမယ့်လည်း ကိုယ်က မတရားသဖြင့် မလိုချင်ဘူး၊ (၇၅) ကျပ်သားကို တစ်ပိဿာလုပ်ပြီး ရောင်းပြန်တော့လည်း ကိုယ်က ဒါမဟုတ်ဘူးလို့ ငြင်းနိုင်အောင်၊ ဟုတ်ဖူးလား. . . (မှန်ပါ)။

ဒါဖြင့် ချိန်ခွင် အရေးမကြီးဘူးလား. . . (ကြီးပါတယ် ဘုရား)။ ဒါဖြင့် မိစ္ဆာဒိဋ္ဌိ ဘယ်ကလာသတုံး. . . (အပေါင်း အသင်းကလာပါတယ်ဘုရား)။

အပေါင်းအသင်းကြောင့် လာတတ်တယ်လို့ ဘုရား ကလည်း ဟောထားတယ်၊ မပေါင်းလည်း မဖြစ်ဘူး၊ ပေါင်းတော့ ပေါင်းမယ်၊ ဘာတုံးဆိုလို့ရှိရင် ဘာသာစုံနဲ့တကွ တိုင်းပြည်မှာ နေကြရတာကိုး၊ ပေါင်းတော့ ပေါင်းရမှာပဲ။

မိမိမှာ ကုန်ရှိရင် မိမိဆီမှာ ကုန်ယူရမှာပဲ၊ သူများဆီမှာ ကုန်ရှိရင် သူများကုန်ပဲ ယူရောင်းရမှာပဲ၊ အကြောင်းမညီညွတ်လို့ ရှိရင်လေ. . . (မှန်ပါ)။ ယူရောင်းတဲ့အခါမှာ လူမျိုးစုံနဲ့လည်း ပေါင်းရမှာပဲ။

## စီးပွားရေးသာပေါင်းတယ်

ပေါင်းပင်ပေါင်းငြားသော်လည်း ကိုယ်က သူတို့နဲ့ ပေါင်းလို့ မိစ္ဆာဒိဋ္ဌိဖြစ်တတ်တယ်ဆိုတာလေး ဉာဏ်ကသိထားတဲ့ အခါကျတော့. . . အို. . . စီးပွားရေးပေါင်းမယ်ပေါ့ အယူ မပေါင်းဘူး၊ မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဘယ်လို သူတို့က သူတို့မှာတော့ အယူကဆွဲရတဲ့ ပုဂ္ဂိုလ် ဖြင့် ပိုပြီး သူတို့က သဘောကျတာပေါ့. . . (သဘောကျပါတယ် ဘုရား)။

အဲဒီလိုဆိုရင် သာသာထိုးထိုး ကုန်ပေးချင်ပေးလိမ့်မယ် . . . (မှန်ပါဘုရား)။ ဘာသာရေးမြောက်ပြီးတော့ကွာ . . . (မှန်ပါဘုရား)။

ဘာသာရေးနဲ့ပတ်သက်ပြီး သက္ကာလ အမျိုးမျိုး အဖုံဖုံ ပေးချင်ပေးလိမ့်မယ်။ အဲဒီမှာ ကိုယ်က ဉာဏ်ချိန်ခွင်မပါလို့ရှိရင် သူ သာသာထိုးထိုးပေးတာနဲ့ပဲ သူဘက်လဲ သွားလိမ့်မယ်၊ မလဲပေ ဘူးလား. . . (လဲပါတယ်ဘုရား)။

ဟိုကတော့ အယူဆွယ်တာ၊ စီးပွားရေးနဲ့ ပတ်သက်ပြီး တော့၊ အယူမဆွယ်ဘူးလား. . . (ဆွယ်ပါတယ်ဘုရား)။

ဒါကြောင့် တချို့တွေကျတော့ ရန်ပုံငွေတွေဟာ နည်းတာတွေ မဟုတ်ဘူး၊ ပစ္စည်းနဲ့ပြပြီး ဘာသာဆွယ်တာ. . . (မှန်ပါဘုရား)။ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

ရှိတာချည့်ပဲ၊ သူ့ဘာသာ၊ ကိုယ့်ဘာသာ ရှိကြတာချည့်ပဲ။ အဲဒီရှိကြတာတွေကို ကိုယ်က သြော်. . . ဒီဥစ္စာအပေါင်းအသင်းနဲ့ ပတ်သက်ပြီး ဒီသူနဲ့ ပေါင်းသင်းပြီး စီးပွားရေးနဲ့ အဆင်ပြေတာနဲ့ ကိုယ်မှာ မိစ္ဆာဒိဋ္ဌိဖြစ်ရမယ်ဆိုရင် တစ်ဘဝတစ်နပ်စာနဲ့ အပါယ်ငရဲက ခေါင်းပြူပြီး ထွက်နိုင်မှာ မဟုတ်ဘူး၊ ထွက်နိုင်ပါ့မလား. . . (မထွက်နိုင်ပါဘူးဘုရား)။

## စဉ်းစားရမယ်၊ ဝေဖန်ရမယ်

အဲဒီတော့ မင်းတို့က စဉ်းစားရမယ်၊ ဒီဥစ္စာ သြော် - လူပေါင်းတာ၊ လူပေါင်းတာက တခြား၊ အယူကို မလိုက်တာက မလိုက်တာ တခြား၊ ဒီလိုကို ဝေဖန်မှုရတယ်. . . (မှန်ပါ)။

ဒါကလည်း ဒီတရားမျိုးမှ မနာထားရင် ဝေဖန်နိုင်ပါ့မလား. . . (မဝေဖန်နိုင်ပါဘူးဘုရား)၊ ဦးနဲ့ ဝေဖန်နိုင်ပါ့မလား . . . (မဝေဖန်နိုင်ပါဘူးဘုရား)။ မဝေဖန်နိုင်ဘူးတဲ့။

မဝေဖန်နိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုလို့ရှိရင်ဖြင့်တဲ့၊ သူက မွေးတယ်ဆိုလို့ရှိရင် သူ့အယူယူသွားတဲ့ ပုဂ္ဂိုလ်ချည့်ပဲ၊ ဝေဖန်ကိုပါသေးရဲ့လား. . . (မပါပါဘူးဘုရား)။

ကိုယ်ကလည်း ထူလပိန်းဆိုတဲ့အခါကျတော့ လေယူရာယိမ်းဆိုတာကော မရှိဘူးလား. . (ရှိပါတယ်ဘုရား)၊ အဲ ဒါတွေကျတော့ ခုနက စိစစ်တဲ့ဉာဏ်ပါသေးရဲ့လား. . . (မပါပါဘူးဘုရား)။

မပါတော့ သူဟာ၊ သူပေါင်းချင်တာနဲ့ပေါင်း၊ သူဖြစ်ချင်သလိုဖြစ်မယ်ဆိုတော့ သူ့အတွက်က စဉ်းစားစရာကိုမလိုပါဘူး၊ လိုသေးရဲ့လား. . . (မလိုပါဘူးဘုရား)။

ဟိုလူနဲ့ပေါင်းရင် ဟိုလူ့ဘက်ပါသွားမှာပဲ၊ ဦးနဲ့ လေယူရာယိမ်းသလိုပဲ၊ ဒီလူနဲ့ပေါင်းရင်ကော. . . (ဒီလူ့ဘက်ယိမ်းသွားမှာပါဘုရား)။ တခြားနဲ့ပေါင်းရင်ကော. . . (တခြားဘက်ယိမ်းသွားမှာပါဘုရား)။

## အကြံတုံးဉာဏ်တုံး

သူ့မှာ ပင်ကိုသဘောဘာပါသေးသတုံး. . . (မပါပါဘုရား)၊ စိစစ်တာပါသေးသလား. . . (မပါပါဘူးဘုရား)။

ဒါဖြင့် အကြံတုံး ဉာဏ်တုံးပေါ့. . . (မှန်ပါဘုရား)။ အကြံတုံး၊ ဉာဏ်တုံးလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါဘာဖြစ်လို့ အကြံတုံး၊ ဉာဏ်တုံးဖြစ်နေသတုံးဆို စိစစ်တဲ့ဉာဏ်ကကို ရှောင်ထားလို့ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

ဒီ အပေါင်းအသင်းကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်တတ်တယ်လို့ နားထဲမှ မကြားဖူးတဲ့လူကလည်း မောင်ကိုများလိမ့်မယ်. . . (များပါတယ်ဘုရား)။ မများပေဘူးလား ဦးနဲ့. . . (များပါတယ်ဘုရား)။

## စိစစ်တဲ့ချိန်ခွင်မရှိရင်

အဲဒီတော့ သူ့မှာဖြင့် ဒီစိစစ်တဲ့ ချိန်ခွင်က မရှိတဲ့အခါ ကျတော့ ဘယ်သူက ထည့်ပေးပေး (၂၅) ကျပ်သားလည်း (၅၀) ကျပ်သား ထင်မှာပဲ၊ (၅၀) ကျပ်သားလည်း တစ်ပိဿာ ထင်မှာ ပဲ သူ့မှာဘာမှမပါဘူး၊ ပါသေးရဲ့လား . . . (မပါပါဘူးဘုရား)။ ကဲ. . သဘောကျပြီလားကွ မောင်ချစ်ဆွေ. . . (သဘောကျပါ ပြီဘုရား)။

ဘာ့ကြောင့် ဘာဖြစ်တာဟော်တာတုံး ဒီနေ့. . . (အပေါင်းအသင်းကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်တာပါဘုရား)။ အပေါင်း အသင်းကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်တာဆိုတဲ့ ဥစ္စာလည်း လောကကြီးထဲ ဖြင့် အင်မတန်များခဲ့တယ်။

မိစ္ဆာဒိဋ္ဌိပဲ၊ မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်းဖြင့် အလွန်များဆုံးသော အကြောင်းပဲလို့ မောင်အုန်းခိုင် ဆိုရမယ်၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။ အပေါင်းအသင်းနဲ့လေ . . . (မှန်ပါ ဘုရား)။

အဲ. . . အပေါင်းအသင်းကြောင့် ဖြစ်တဲ့အယူဟာ တိုင်းပြည်တစ်ပြည်လုံးတောင် တရုတ်ပြည်ဖြစ်သွားတဲ့ဥစ္စာ အပေါင်းအသင်းကြောင့်ပေါ့. . . (အပေါင်းအသင်းပါဘုရား)။ ဘယ်သူနဲ့ပေါင်းလို့တုံး. . . ရုရှနဲ့ သွားပေါင်းတယ်။

## ဘာသာမရှိဖြစ်သွားတယ်

ဘယ့်နှယ်ဖြစ်သွားသတုံး သူ့အယူဟာ ဘာသာမရှိ (ဖြစ်သွားပါတယ်ဘုရား)။ နဂိုက နတ်ကိုးကွယ်တဲ့ပေါ်မှာ ဘာသာမရှိဖြစ်နေတာကွ . . . (မှန်ပါ)။

မောင်ထွန်းလှိုင် နဂိုက နတ်ကိုးကွယ်တဲ့ အပေါ်မှာ ဘာသာ မရှိဖြစ်လာတာ၊ ကောင်းသေးရဲ့လား. . . (မကောင်းပါဘူးဘုရား)။

နဂိုက မကောင်းရတဲ့အထဲ မကောင်းကပေါ်လာသေးတော့ ဦးနွဲ့ဘာအသုံးချလို့ ရသေးသတုံး. . . (မရပါဘူးဘုရား)။ ဘာပေါ်ဘာဆင့်တာတုံး. . . (မကောင်းပေါ်မကောင်းဆင့်တာပါဘုရား)။

## ဖဲထီးပေါ်အိုးမဲသုတ်

ဖဲထီးပေါ်အိုးမဲသုတ်တော့ ချွတ်မရသလိုဖြစ်နေတာ၊ ဟုတ်ဖူးလား. . . (မှန်ပါ)။ ဖဲထီးအပေါ်အိုးမဲသုတ်တော့ နကိုကလည်း အမည်းခံနဲ့ အမည်းခံပေါ်ထပ်သုတ်ထားတော့ ချွတ်လို့ရသေးရဲ့လား . . . (မရပါဘူးဘုရား)၊ မောင်အုန်းခိုင် ဘယ့်နှယ့်နေသတုံး . . . (မရပါဘူးဘုရား)။

အဲ့ဒါကြောင့် ဘုရားအဆူဆူချွတ်လို့မရဘူး မိစ္ဆာဒိဋ္ဌိက ဘယ်နည်းနဲ့မှ မရဘူး၊ သဘောကျပြီးလား. . . (သဘောကျပါ

ပြီဘုရား)။ ကဲ. . . မောင်ကိုအပေါင်းအသင်းအရေးကြီးကြောင်း ယနေ့မပေါ်သေးဘူးလား. . . (ချိန်ခွင်ရှိပါပြီဘုရား)။

## ကိုယ်ပိုင်ချိန်ခွင်ရှိဖို့လိုတယ်

ကိုယ်ပိုင်ချိန်ခွင်က နာထားမှရှိတာ၊ ဟုတ်ဖူးလား၊ ကိုယ်ကိုယ်တိုင်ကတော့ ခု-ဘုန်းကြီးပြောတာတွေကို ရှာလို့ကို မတွေ့ဘူး၊ တွေ့ပါ့မလား. . . (မတွေ့ပါဘူးဘုရား)။

ဘယ်တွေ့မတုံးတဲ့၊ မွေးကတည်းက ကိုယ့်အမေမိဘကလည်း မိစ္ဆာဒိဋ္ဌိ ခတ်နာနာပဲ သင်လွှတ်နေရတာကိုး၊ နင်၊ ငါ၊ နင့်မောင် ဟုတ်ပြီလား၊ နင့်မောင်လာရင် ဘယ်လို၊ နင့်တူလာရင် ဘယ်လို မိစ္ဆာဒိဋ္ဌိပဲ . . . (မှန်ပါဘုရား)။

ခွဲပြီး သင်တာကော ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘူးဘုရား) မခွဲတော့ဘူး၊ ဒိဋ္ဌိလုံးလုံး သင်လွှတ်နေတာ။ အဲဒီတော့ ခုလို ဆရာကောင်း သမားကောင်း မတွေ့တော့ ဘယ်ချိန်ခွင်ရမလဲကွ၊ ဦးနဲ့ ချိန်ခွင်ရနိုင်သေးရဲ့လား. . . (မရနိုင်ပါဘူးဘုရား)။

## ချိန်ခွင်မရှိတော့ သူပြောသမျှ အမှန်ဖြစ်

ချိန်ခွင်မရနိုင်တော့ သူများပေးတာချည့် အမှန်ဖြစ်နေမှာ

ပဲ. . . (မှန်ပါဘုရား)။ မောင်အုန်းခိုင် ဘယ့်နှယ်ဖြစ်သတုံး . . . (သူများပေးတာ အမှန်ချည့်ပါဘုရား)။

သူ့ချိန်ခွင်မှ မရှိပဲကိုး၊ ခု ဈေးထဲကျတော့၊ အစိုးရရောင်းတာတော့ အသာထားတော့၊ နဂိုတုန်းကတော့ဖြင့် ဘယ်အသည်က ရောင်းလိုက်ရောင်းလိုက် ကိုယ့်ဆီရောက်ရင် ချိန်မကြည့်ဘူးလား. . . (ချိန်ကြည့်ပါတယ်ဘုရား)။

ချိန်ပြီး ပြန်ပြောတာပဲ၊ မဟုတ်ဘူးလား၊ အဲ. . . သူပြန်ပြောနိုင်တာကလည်း ချိန်ခွင်လေးရှိလို့ကွ၊ ချိန်ခွင် မရှိရင် . . . (မပြောနိုင်ပါဘူးဘုရား)။

## ဉာဏ်ချိန်ခွင်ရှိထားကြပါ

အဲ. . . မင်းတို့လည်း အပေါင်းအသင်းဆိုတာ ကိုယ်က ဉာဏ်ချိန်ခွင်ရှိရင်တော့ သူ့ကို ဒီဥစ္စာပြန်ပြောနိုင်တယ်။ ခင်ဗျားဟာ ဟုတ်တယ်၊ မဟုတ်ဘူး၊ ကျုပ်ယူနိုင်တယ်၊ မယူနိုင်ဘူးဆိုတာ ကိုယ့်ချိန်ခွင်လေးနဲ့မို့. . . (မှန်ပါဘုရား)။

ကိုယ့်ချိန်ခွင် လုံးဝမရှိဘူးဆိုလို့ရှိရင်ဖြင့် သူထည့်တာ (၂၅) ကျပ်သားလည်း (၇၅) ကျပ်သားဖြစ်မှာပဲ၊ မဖြစ်ပေဘူးလား၊ (၇၅) ကျပ်သားက လည်း မောင်အုန်းခိုင်တစ်ပိဿာပဲ၊ ဘာပြုလို့တုံး. . . (ဉာဏ်ချိန်ခွင်မရှိလို့ပါဘုရား)။

## ညာဏ်ချိန်ခွင်ရှိဖို့သိပ်အရေးကြီးတယ်

ဒါဖြင့် မင်းတို့ချိန်ခွင်ရှိဖို့ သိပ်အရေးကြီးတာပေါ့. . . (အရေးကြီးပါတယ်ဘုရား)။ ဦးနဲ့၊ ဒါဖြင့် ချိန်ခွင်ရှိကတည်းက မိစ္ဆာဒိဋ္ဌိဟာ ယနေ့ဘယ်သူကြောင့် ဖြစ်သတုံး. . . (အပေါင်းအသင်းမှားမှုကြောင့်ပါဘုရား)။

ဩော်. . . ဒါဖြင့် ကြည့်ပေါင်းပေါ့ဆိုတော့ ချိန်ခွင်လေးက ပါလာတယ်. . . (မှန်ပါဘုရား)။ ကြည့်ပေါင်းရမယ်။ စီးပွားရေးသာ ပေါင်းမယ်၊ အယူမပေါင်းဘူး. . . (မှန်ပါဘုရား)။ မဟုတ်ဘူးလား၊ မိတ်ဆွေအဖြစ်နဲ့သာ ပေါင်းမယ် အယူမပေါင်းဘူး. . . (မှန်ပါဘုရား)။

## မိတ်ဆွေအဖြစ်နဲ့သာပေါင်းမယ်

သူက ဘာသာခြားဖြစ်နေမယ်ဆိုလို့ရှိရင်ဖြင့် အင်း. . . စီးပွားရေးအဖြစ်ကတော့ ပေါင်းရမှာပဲ။ အယူ ယူခြင်းကတော့ဖြင့် မပေါင်းနိုင်ဘူး၊ မရောနိုင်ဘူး ဒီကျအောင် သွားရမှာပဲ . . . (မှန်ပါ)။

ဒါက သူ့ကြောင့်ဖြစ်တတ်တယ် သိထားမှ မပေါင်းဘူးပြောတာ. . . (မှန်ပါဘုရား)။ သူ့ကြောင့် ဖြစ်တတ်တယ်လို့မှ မသိတော့. . . (ပေါင်းမှာပါဘုရား)။

ပေါင်းမှာပဲ ဘယ်နည်းနဲ့မှ ပြင်လို့ ဆင်လို့ရပါဦးမလား . . . (မရပါဘူးဘုရား)။ သဘောပါပြီလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ တရားမှာ မင်းတို့ ရိပ်မိရောပေါ့ကွ. . . (မှန်ပါဘုရား)။ အကယ်၍ အပေါင်းအသင်းကြောင့် မိစ္ဆာဒိဋ္ဌိ ဖြစ်မယ်ဆိုလို့ရှိရင်ဖြင့် မင်းတို့ဒီလိုလုပ်ကြဆိုတော့. . . ။

အပေါင်းအသင်းသည် မိစ္ဆာဒိဋ္ဌိဖြစ်စေနိုင်တယ်ဆိုတော့ ဩော်. . . အပေါင်းအသင်းဟာလည်း အားကြီးတဲ့ အကြောင်း ပဲလို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါဘုရား)။ သဘောကျပြီလား. . ။

အဲဒါ ပဋ္ဌာန်းဆိုရင် မင်း. . . ဥပနိဿယပစ္စယောပဲ အားကြီးသောအကြောင်းဖြစ်ပြီး မိစ္ဆာဒိဋ္ဌိဖြစ်အောင် ကျေးဇူးပြုသည်. . . (မှန်ပါဘုရား)။ သဘာကျပြီလား. . . (သဘောကျပါပြီဘုရား)။

## ဥပနိဿယတော့မလိုချင်ဘူး

ဥပနိဿယပစ္စယောအားကြီးသော အကြောင်းဆိုတော့ ပါပမိတ္တက သူ့ဒိဋ္ဌိဖြစ်အောင်ကို အားကြီးသောအကြောင်းလုပ်လိုက်တာ. . . (မှန်ပါ)။ မဟုတ်ဘူးလား. . . (ဟုတ်ပါတယ် ဘုရား)။

အဲဒီတော့ ဘာလုပ်ရမတုံးဆိုတော့ ဩော်. . . ဒီ အကြောင်းကြောင့် ဒီအကျိုးဖြစ်တာဆိုတာ သိပြီးသကာလ

နေတော့ကို ဒီဥစ္စာကို ဒီဥပနိဿယတော့ မလိုချင်ဘူးဟော့၊ မဟုတ်ဘူးလား. . . (မှန်ပါဘုရား)။

## ကံစီမံသလိုပဲယူမယ်

ဒီ ဥပနိဿယ မလိုချင်ဘူး၊ ဒီကမ္မပဲယူတော့မယ်၊ ကံစီမံသလိုပဲ ကိုယ်က ဗုဒ္ဓဘာသာလည်းဖြစ်လာတော့၊ ကိုယ့်အယူနဲ့ကိုယ်ပဲ၊ ဒီကမ္မကိုယူမယ်၊ ဒီ ဥပနိဿယကို မယူဘူး ဆိုလို့ရှိရင်ဖြင့် ပြီးသွားတာပဲ. . . (မှန်ပါဘုရား)။

ကမ္မကိုယူပါ၊ ဥပနိဿယကို . . . (မယူရပါဘုရား)။ အဲဒီလို ပဌာန်းကလည်း ဒီအထဲကို သုံးပြီး သကာလ ဒီလို အဓိပ္ပာယ်ယူရမှာ. . . (မှန်ပါဘုရား)။

ကမ္မကို သုံးမယ်. . . (မှန်ပါဘုရား)၊ ကုသိုလ်ကံကြောင့် ကုသိုလ်အကျိုးပေးတာ၊ အကုသိုလ်ကံကြောင့် အကုသိုလ် အကျိုးပေးတယ်ဆိုတော့ ဒိဋ္ဌိဖြစ်သေးရဲ့လား . . . (မဖြစ်ပါဘူး ဘုရား)။

ဥပနိဿယ သူက အားကြီးသောအကြောင်း ဖြစ်သော ကြောင့် ဒီပုဂ္ဂိုလ်ကြီးပွားတာ. . . (မှန်ပါဘုရား)၊ အပေးခံရတဲ့ ပုဂ္ဂိုလ်က ယူမသွားဘူးလား. . . (ယူသွားပါတယ်ဘုရား)၊ အဲဒါ အားကြီးသောအကြောင်းကွ. . . (မှန်ပါဘုရား)။

အဲဒီတော့ ဒီကမ္မနားမလည်လို့ ဥပနိဿယယူတယ် . . . (မှန်ပါဘုရား)၊ ကမ္မနားလည်လို့ရှိရင်. . . (ဥပနိဿယမယူပါဘူးဘုရား)။

## ကမ္မနဲ့ဥပနိဿယခွဲသိပါ

အဲဒီတော့ နှစ်ခုမှတ်ထားရမယ်. . သူကဥပနိဿယဖြစ်နေပြီဆိုရင် ဟုတ်သေးပါဘူး၊ ငါက ကမ္မယူမှုပါပဲဆိုတော့ နှစ်ခုသိထားလို့ ဝေဖန်နိုင်တာ. . . (မှန်ပါဘုရား)။

ကမ္မနဲ့ ဥပနိဿယခွဲသိထားလို့ ခွဲမသိလို့ရှိရင်. . . (မဝေဖန်နိုင်ပါဘူးဘုရား)၊ မဝေဖန်နိုင်တော့ ဥပနိဿယပဲယူသွားမှာပဲ. . . (မှန်ပါဘုရား)။

ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။
ဒီတွင်မှတ်ထား. . . . ။
သာဓု. . . . သာဓု. . . . သာဓု။